Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွားသတင်း
e-Paper-0021
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁ ရက်




# ၄၆ ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

နေပြည်တော်၊ အောက်တိုဘာ ၂၄

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခဲ့သည့် ၄၆ ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး နှင့် ဆက်စပ် အစည်းအဝေး များကို အောက်တိုဘာ ၂၂ မှ ၂၅ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။**




စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ၄၆ ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်စဉ်

အောက်တိုဘာ ၂၄ ရက်နေ့ မြန်မာစံတော်ချိန် နံနက်၈ နာရီခွဲတွင် ကျင်းပပြုလုပ်သည့် ၄၆ ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၌ ၄၅ ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော မလေးရှားနိုင်ငံ၊ စိုက်ပျိုးရေး နှင့် စားရေရိက္ခာဖူလုံရေး ဝန်ကြီး H.E Hon. Datuk Seri Haji Mohamad Bin Sabu နှင့် အိမ်ရှင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့်စားရေရိက္ခာဖူလုံရေး ဝန်ကြီးဌာန ဝန်ကြီးက မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ ၄၆ ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ သဘာပတိ တာဝန်များကိုလွှဲပြောင်း ပေးအပ်သည်။

အစည်းအဝေး ပထမနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ နှင့် တီမောလက်စ်တေနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးသစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်၊ အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန် ရှိသူများပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၂၃-၂၀၂၄ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အာဆီယံ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ အဓိက လုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း အစီအစဉ်၊ သီးနှံအကြွင်းအကျန်များ မီးရှို့ရှင်းလင်းခြင်း လျှော့ချနိုင်ရေးဆိုင်ရာ အာဆီယံလမ်းညွှန်

စာ-၂ သို့

ဂေဟစနစ်အကျိုးပြု ပင်လယ်လိပ်မျိုးများ......
စာ-၈

စိုက်-မွေးအတတ်ပညာသင်ကျောင်းများ......
စာ-၁၆

# ၂၄ ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကျင်းပ

နေပြည်တော်၊ အောက်တိုဘာ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်သည့် ၄၆ ကြိမ်မြောက် အာဆီယံ လယ်ယာ စိုက်ပျိုးရေး နှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး နှင့် ဆက်စပ် အစည်းအဝေးများကို အွန်လိုင်းစနစ်ဖြင့်ကျင်းပခဲ့ရာ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ပြုလုပ်သည့် ၂၄ ကြိမ်မြောက် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့်သစ်တော ဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က သဘာပတိ အဖြစ် တာဝန်ယူကျင်းပသည်။

၂၄ ကြိမ်မြောက် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေး နှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးတွင် တရုတ် ပြည်သူ့ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတ နိုင်ငံတို့မှ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အဆင့်မြင့်အရာရှိကြီးများက အစည်းအဝေး၏ ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တီမောလက်စ်တေနိုင်ငံ၊ အပေါင်းသုံးနိုင်ငံများဖြစ်သည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေး သစ်တောဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်၊ အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ အပေါင်းသုံး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာမဟာဗျူဟာ (၂၀၁၆-၂၀၂၅) အရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများဖြစ်ကြသော အာဆီယံ အပေါင်းသုံး ဆန် အရန်ရိက္ခာထားရှိရေးအစီအစဉ်၊ အာဆီယံစားရေရိက္ခာဖူလုံရေး သတင်းစနစ်ဆိုင်ရာ လုပ်ငန်း များ၊ ဇီဝစွမ်းအင်ဖွံ့ဖြိုးတိုးတက်စေရေး စီမံချက်များ၊ ရေရှည်တည်တံ့သော သစ်တောကဏ္ဍ စီမံခန့်ခွဲရေးဆိုင်ရာ စီမံကိန်းများ၊ အပင်နှင့်တိရစ္ဆာန် ကျန်းမာရေးထိန်းချုပ်ရေး လုပ်ငန်းများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအရည်အသွေး ပြည့်မီစေရေးနှင့် ဈေးကွက်ရရှိရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ကြပြီး ၂၀၂၅ခုနှစ်အလွန်တွင် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများရှိ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက် သင့်သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များ ချမှတ်ခဲ့ကြသည့်အပြင် အစည်းအဝေး၏ ပူးတွဲကြေညာချက်ကိုလည်း အတည်ပြုခဲ့ကြသည်။

၎င်းနောက် ဖိလစ်ပိုင်နိုင်ငံမှ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ၂၄ ကြိမ်မြောက် အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် In Person ဖြင့်

စာ-၅ သို့





မျက်နှာဖုံးမှ-

ချက်များ၊ အန္တရာယ်ဖြစ်စေနိုင်မည့် စိုက်ပျိုးရေးဆိုင်ရာ ဓါတုပစ္စည်းများ အသုံးပြုခြင်းအား လျှော့ချနိုင်မည့် လုပ်ငန်းများ၊ သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုလျော့နည်းစေရေး သဘာဝအခြေခံဖြေရှင်းသည့် နည်းလမ်းများ၊ အပြာရောင် အဏ္ဏဝါစီးပွားရေး စနစ်ဖော်ဆောင်ရေးလုပ်ငန်းများ၊ ဒီဂျစ်တယ် နည်းပညာ အသုံးပြုနိုင်ရေးနှင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာ လုပ်ငန်းများ နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံအသီးသီးမှ ဝန်ကြီးများက အာဆီယံ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်တွင် ပါဝင်သော လုပ်ငန်းများကို ဆောင်ရွက် နိုင်ခဲ့မှု အခြေအနေများအား ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေး နှင့် သစ်တော ကဏ္ဍဆိုင်ရာ အဓိက လုပ်ငန်းစဉ် ၁၆ ခု၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ အဖြစ်တာဝန်ယူခဲ့စဉ် ကာလအတွင်း ဆောင်ရွက်ခဲ့သည့် စီးပွားရေး နှင့် သက်ဆိုင်ရာ ဦးစားပေးလုပ်ငန်းစဉ် ၂ ခုနှင့် မလေးရှားနိုင်ငံမှ ဆောင်ရွက်မည့် စီးပွားရေးနှင့် သက်ဆိုင်ရာဦးစားပေးလုပ်ငန်းစဉ် ၁ ခု တို့ အား အတည်ပြုခြင်း၊ လုပ်ငန်းရပ် ၁၁ ခုအား မှတ်တမ်းတင်ခဲ့ခြင်းနှင့် အာဆီယံအသိုက်အဝန်း(၂၀၄၅) ၏ မျှော်မှန်းချက်နှင့် ကိုက်ညီမှုရှိသည့် အာဆီယံစိုက်ပျိုးရေး၊ စားရေရိက္ခာ နှင့်စိုက်ပျိုးရေး ဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၂၆-၂၀၃၀) ရေးဆွဲရာတွင် ထည့်သွင်းရမည့် အဓိကလုပ်ငန်းစဉ်များနှင့် လုပ်ငန်းရပ်များအပေါ် လမ်းညွှန်မှု ပြုခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ဆောင်ရွက်စဉ် ကာလအတွင်း " အာဆီယံနိုင်ငံများ တွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ရန် သီးနှံအကြွင်းအကျန်များဆိုင်ရာအချက်အလက်များအပေါ် လေ့လာဆန်းစစ်၍ ဇီဝမီးသွေး ထုတ်လုပ်နိုင်ရေးစီမံကိန်း" အား အဆိုပြုခဲ့သည်။ အစည်းအဝေးတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သော ERIAI , CropLife Asia , US-ASEAN Business Council, EU-ASEAN Business Council တို့မှလည်း ပါဝင်ဆွေးနွေးခဲ့ကြပြီး ၄၆ ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက် ကိုလည်း အတည်ပြုခဲ့ကြသည်။

ဝန်ကြီးများအစည်းအဝေးများမတိုင်မီကြိုတင်ပြင်ဆင်သည့် အစည်းအဝေးများဖြစ်သည့် ၄၆ ကြိမ်မြောက် အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးအတွက် အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ ၂၄ ကြိမ်မြောက် အာဆီယံ အပေါင်း သုံးနိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တော ဆိုင်ရာဝန်ကြီးများအစည်း အဝေးအတွက် ကြိုတင်ပြင်ဆင် သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ ၈ ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး အတွက် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေးများကို အောက်တိုဘာ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့များ တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိဖြစ်သူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း က အစည်းအဝေးများ၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

MOALI

# နိုဝင်ဘာ လပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီးတစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင် နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ် တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်ရွာသွန်းမြဲထက်ပိုနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၂ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နှစ်ရက်မှခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## ညအပူချိန်

နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၆ါးရက်မှ ၁၀ ရက်ခန့်နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် လေးပေမှခြောက်ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခုနစ်ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်း မြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် လေးပေမှ ကိုးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်း လာနိုင်သည်။မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၆ါးပေခန့်၊ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခွဲခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့်မဒေါက်မြို့တို့တွင် သုံးပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေ ခန့်၊ပဲခူးမြစ်ရေသည်ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ သုံးပေခွဲခန့်၊ သံလွင်မြစ်ရေ သည် ဘားအံမြို့တွင် သုံးပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၀ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင်နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဇံထွေး(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# စပါးရည်ညွှန်းဈေးနှုန်း တင်း ၁၀၀ လျှင် ၉၆၀,၀၀၀ ကျပ် သတ်မှတ်

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့မှ စပါးတင်း ၁၀၀ လျှင်အခြေခံရည်ညွှန်းဈေးနှုန်း ၉၆၀,၀၀၀ကျပ် (တစ်တင်းလျှင် ၄၆ ပေါင်နှင့် ညီမျှ သည်) သတ်မှတ်ကြောင်း အမိန့်ကြော်ငြာစာ ၁/၂၀၂၄ ဖြင့် ထုတ်ပြန် ကြေညာခဲ့သည်။

အရည်အသွေးသတ်မှတ်ချက်များအနေဖြင့် အစိုဓါတ် ၁၄ ရာခိုင်နှုန်းသာ ရှိရမည်ဖြစ်ပြီး သဲ၊ ဖုန်နှင့် ကျောက်ခဲ ကဲ့သို့သောအမှိုက်များလည်း သတ်မှတ် ရာခိုင်နှုန်းသာ ပါရှိရမည်ဖြစ်ကာ စိုက်ပျိုးထုတ်လုပ်သူများအတွက် သင့်တင့်သောဈေးနှုန်းနှင့် သေချာသော ဈေးကွက် ရရှိရေးအတွက် ထုတ်ပြန်ခြင်းဖြစ်သည်။

ဈေးကွက်ပေါက်ဈေးသည် ၎င်းအောက်တွင်ရှိနေပါက ရည်ညွှန်းဈေးနှုန်းအတိုင်း အရောင်းအဝယ်ပြုလုပ်ရမည်ဖြစ်သည်။

ထိုဈေးနှုန်းသည် စပါးရိတ်သိမ်းရာသီတွင် သင့်တင့်လျှောက်ပတ်သော ဈေးနှုန်းရရှိရန် ၂၀၂၄ခုနှစ်တွင် ထွက်ရှိမည့် မိုးစပါးနှင့် ၂၀၂၅ခုနှစ်တွင် စိုက်ပျိုးမည့် နွေစပါးများအတွက် သတ်မှတ်ပေးထားခြင်းဖြစ်သည်။

ရည်ညွှန်းပေါက်ဈေးအတိုင်း ရောင်းချရာတွင် အခက်အခဲရှိသော တောင်သူများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်၍သော်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဆက်သွယ်ရန်နံပါတ်များ ၀၁ ၂၃၀၁၁၂၈, ၀၁ ၂၃၀၁၁၂၉ နှင့် ၀၁ ၂၁၈၂၆၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

**အေးအေးခိုင်**



# နို့စားနွားမွေးမြူရေးသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ(နေပြည်တော်)နှင့် လေ့ကျင့်သင်ကြားရေးဆေးရုံလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်၊ အောက်တိုဘာ ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊နို့စားနွားမွေးမြူရေးသရုပ်ပြနှင့်



မျိုးဖြန့်ဖြူးရေးခြံ(နေပြည်တော်)သို့ ရောက်ရှိရာမွေးမြူရေးနှင့်ကုသရေးဦးစီး ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခြံတာဝန်ခံတို့မှ နို့စား နွားမွေးမြူ နည်းစနစ်များအား မွေးမြူသူများထံပညာပေးမှု အခြေအနေနှင့် မျိုးမြင့်နို့စား နွားများ တိုးပွားလာစေရေးအတွက် မျိုးကောင်းမျိုးသန့်နို့စားနွားမျိုးများ ဖြန့်ဖြူး ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးမှ အစာကျွေးမွေးမှု၊ အဟာရ ပြည့်ဝစေမှု အပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ် ကာကွယ်ရေး လုပ်ငန်းများကို မွေးမြူထုတ်လုပ်မှုအား ပညာပေးဆောင်ရွက်ကြရန်၊ မျိုးမြင့် နို့စားနွားများ တိုးပွားလာစေရေး အတွက် မျိုးကောင်းမျိုးသန့်နို့စားနွားမျိုး များဖြန့်ဖြူးနိုင်ရေး၊ နို့စားနွားမွေးမြူရေးနှင့် ပက်သက်၍ စာတွေ့လက်တွေ့ သင်တန်းများဖွင့်လှစ်ရန်နှင့် နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူရေး ဆောင်ရွက်ခြင်း စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ချက်များအား မှာကြားသည်။

၎င်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ နိုက်ထရိုဂျင်အရည်ထုတ်စက်ရုံတွင် နိုက်ထရိုဂျင်အရည် ထုတ်လုပ်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း၊ နို့စားနွားမွေးမြူ ထားရှိမှုနှင့် နို့နှင့် နို့ထွက် ပစ္စည်း ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ လေ့ကျင့်သင်ကြားရေးဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတာဝန်ခံမှ ဆေးခန်း ဆိုင်ရာပညာရပ်များသင်တန်း ဖွင့်လှစ်မှု၊ အိမ်မွေးတိရစ္ဆာန်များအားကာ ကွယ်ဆေးထိုးနှံပေးခြင်း၊ အရေပြားရောဂါများ စစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေး၊ ဆီး၊ ဝမ်း ဓာတ်ခွဲ စစ်ဆေးမှု များ ပြုလုပ် ပေးခြင်းနှင့်ရောဂါရှာဖွေပေးခြင်းနှင့်အခြားသောကျန်းမာရေး ဝန်ဆောင်မှု များ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ၊ ဒုတိယဝန်ကြီးမှ ရာသီ ကူးပြောင်းကာလများတွင် ဖြစ်ပေါ်တတ်သည့် ကူးစက်ရောဂါများကို ကာ ကွယ်ဆေး ထိုးခြင်းဖြင့် ရောဂါ ဖြစ်ပွားမှု လျော့ချနိုင်ရေး၊ ပညာပေးလုပ်ငန်း များ ဆောင်ရွက်ပြီး ကူးစက်ရောဂါများကို မျက်ခြေမပြတ် စောင့်ကြည့် ကာ ကွယ်ရန်လိုအပ်ချက်များကို မှာကြားပြီး လေ့ကျင့်သင်ကြားရေး ဆေးရုံ အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်ရုံး ရုံးတွင်း/ရုံးပြင် သန့်ရှင်းရေး၊ စိမ်းလန်း စိုပြေ ရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို မှာကြား ခဲ့ကြောင်း သိရသည်။

MOALI

# မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီမှ ကြီးမှူး၍ "Knowledge Sharing For Better Dams and Water Resources Management" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော်၊ အောက်တိုဘာ ၂၆

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီမှ ကြီးမှူးကျင်းပ သော "Knowledge Sharing For Better Dams and Water Resources Management" ခေါင်းစဉ်ဖြင့် ကျင်းပသောစာတမ်း ဖတ်ပွဲကို အောက်တိုဘာ ၂၅ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်း မြို့နယ်ရှိဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ မြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နာယကအဖွဲ့ဝင်များ အလုပ်အမှုဆောင် ကော်မတီဝင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော် များ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာ စကားပြောကြားရာ ယခုလိုစာတမ်းဖတ်ပွဲများ ကျင်းပခြင်းဖြင့် ဆည်၊ တာတမံထိန်းသိမ်းပြီး စိုက်ပျိုးရေ ပေးဝေခြင်းလုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေ ထုတ်လွှတ်ခြင်းနှင့်အတူ ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များ အပေါ် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ မြန်မာနိုင်ငံ သည် ရေချို အရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း စိုက်ပျိုးရေပေးဝေရေးနှင့် ရေအား လျှပ်စစ်ထုတ်လုပ်ရေး ကဏ္ဍတွေမှာ လက်ရှိအခြေအနေအရ လိုအပ်ချက် များ ရှိနေသေးသည့်အပြင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုအခြေအနေများ၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းဖို့လိုအပ်သည့် အခြေအနေတွေ ရှိနေတာ နှင့်အတူ တစ်ဖက် မှာလည်း စိုက်ပျိုးရေလိုအပ်ချက် မြင့်မားမှု၊ လျှပ်စစ်ဓာတ် အား လိုအပ်ချက် မြင့်မားလာမှုစသည့် စိန်ခေါ်မှုတွေရှိလာကြောင်း၊ ရေကြီး ရေလျှံမှုဖြစ်စဉ်ကြောင့် ယခုနှစ် မိုးသီးနှံရာသီအတွင်း စိုက်ပျိုးထားသော မိုး စပါး စိုက်ခင်းအများအပြား ထိခိုက် ပျက်စီးခဲ့ပြီး စားနပ်ရိက္ခာ ဖူလုံမှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ပြန်လည် အစားထိုးကုစား နိုင်ရန်



အတွက် လာမည့် နွေသီးနှံရာသီတွင် တစ်နိုင်ငံလုံး၌ နွေစပါး ဧက(၃)သန်း ကျော် အထိ တိုးချဲ့စိုက်ပျိုး နိုင်ရန် လျာထားစီမံ ဆောင်ရွက်လျက်ရှိကြောင်း၊ ရေကြီးရေလျှံမှု ဖြစ်စဉ်အပေါ် ခြုံငုံသုံးသပ်ရလျှင် မြစ်ချောင်းများ၏ ရေဆင်း ဧရိယာများအတွင်း သစ်တောပြုန်းတီးမှု များပြားခြင်းနှင့်အတူ နောက်ဆက် တွဲ ဆိုးကျိုးများအနေဖြင့် မြေဆီလွှာ တိုက်စားစီးဆင်းမှု၊ မြေပြိုမှုများ ဆိုးရွား စွာ ဖြစ်ပေါ်ပြီး မြစ်ချောင်းများ တလျောက် သဲနုန်းပို့ချမှု ကြီးမားစွာ ဖြစ်ပေါ် ကာ မြစ်ချောင်း ကြမ်းပြင်များ မြင့်တက်လာလျက်ရှိကြောင်း၊ သစ်တော ပြုန်းတီးမှုများကို ကာကွယ်နိုင် ရန်အတွက် ပတ်သက်ဆက်ဆိုင်သည့် ဌာန များ အနေဖြင့် ပြည်သူများသို့ ဆွေးနွေး အသိပညာပေးခြင်း၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းကျောင်းခြင်းများကို စီမံဆောင်ရွက်ရန် လိုအပ်လျက်ရှိသဖြင့် မိမိတို့ဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်မှုနှင့် အတူ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ အနေဖြင့်လည်း တက် နိုင် သည့် ကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းအကြံပေး ကူညီဆောင်ရွက်ပေးနိုင်ရန်

စာ-၇ သို့



# ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ တောင်သူများ တောင်သူနည်းပညာဆွေးနွေးပွဲတက်ရောက်

နေပြည်တော်၊ အောက်တိုဘာ ၂၆

ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့မှ တောင်သူ ၁၀၀ ဦး ၊ နေပြည်တော် ဇေယျာသီရိ နှင့် ပုဗ္ဗသီရိမြို့နယ်များမှ တောင်သူ ၂၀ ဦး ပါဝင်သော လေ့လာရေးအဖွဲ့သည် အောက်တိုဘာ ၂၆ ရက်နေ့ နံနက်ပိုင်း တွင် နေပြည်တော် ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးသီးနှံဗဟိုဌာန၌ သုတေသနပြု စိုက်ပျိုး ထားရှိသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စပါးမျိုးသစ်များအား လေ့လာခြင်းနှင့် အပတ်စဉ် ကျင်းပလျက်ရှိသည့် တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက် ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ တောင်သူများ သည် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စပါးမျိုးသစ်များ အား လေ့လာကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က ယခုလေ့လာရေး ခရီးစဉ်တွင် မိမိတို့တောင်သူကြီးများအနေဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံဌာနအတွင်း သုတေသနပြု မွေးမြူထားသည့် မျိုးသစ်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများအား မျက်မြင်လေ့လာကြပြီး တောင်သူများ ကိုယ်တိုင်ကြိုက်နှစ်သက်သည့် မျိုးအား ရွေးချယ်နိုင်မည်ဖြစ်ပါကြောင်း၊ သုတေသနများဆောင်ရွက်ရာတွင် တောင်သူကြီးများ ပူးပေါင်းပါဝင်ခြင်း သည် စိုက်ပျိုးရေးကဏ္ဍ ကြီးအောင်မြင် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကကျပါကြောင်း၊ တောင်သူကြီးများအနေ ဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း အစရှိသည့် နည်းပညာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိစေရေး တောင်သူကြီးများထံသို့ သွားရောက်ပညာပေးခြင်း၊ တောင်သူများအား မိမိတို့ ထံ ဖိတ်ခေါ် ပြသခြင်းများဆောင်ရွက်လျက်ရှိသကဲ့သို့ အွန်လိုင်းအပလီကေးရှင်းများ အသုံးပြု၍ ပညာပေးခြင်းများလည်း တွဲဖက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ပညာပေး လုပ်ငန်းစဉ်များတွင် အင်တာနက်ဆက်သွယ်မှုနည်းပညာများ သင့်တင့်ကောင်းမွန်ခြင်းကြောင့် အွန်လိုင်းအပလီကေးရှင်းများ အားထား၍ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း နီးနော ဖလှယ်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက စပါးသီးနှံဗဟိုဌာနအတွင်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အရည်အသွေးကောင်းစပါးမျိုးသစ်များ၊ ရေမြုပ်ခံစပါးမျိုးသစ်များ၊ ဆည်ရည်သောက်စပါးမျိုးသစ်များ၊ မိုးရေသောက်စပါးမျိုးသစ်များ၊ ဆားငန်ဒဏ်ခံ စပါးမျိုး သစ်များ၊ ရေအနည်းလို စပါးမျိုးသစ်များအား ရှင်းလင်းပြသကြရာ တောင်သူများက စိတ်ပါဝင်စားစွာလေ့လာခဲ့ကြပြီး စားသုံးမှုအရည်အသွေး အကဲဖြတ်ရန် ပြသထားသည့် ရွှေအာဆီယံ၊ ဝိုင်အေအာ-၁၄, ဝိုင်အေအာ-၀၇,ဝိုင်ကေကျူအာ-၀၃, ဝိုင်ဘီအက်အာ-၁၀,ဝိုင်ကျူအာ-၁၁, ဝိုင်ကေကျူအာ-၀၁, ဝိုင်အက်စ်အာ-၁, ဝိုင်အာအာ- ၁၂, ဝိုင်အိုင်အာ- ၁၄ မျိုးများအား ဝိုင်းဝန်းအကဲဖြတ်ကြပြီး တောင်သူများ မှတ်မိလွယ်သော မျိုးအမည်များ သတ်မှတ်ပေးနိုင်ရေး အကြံပြုခဲ့ကြသည်။

၎င်းနောက် လေ့လာရေး တောင်သူအဖွဲ့သည် စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ ၅၂ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက်လေ့လာကြသည်။ အဆိုပါ တောင်သူနည်းပညာဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ တောင်သူများနှင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပို၍ ၇၀ မှ ပါဝင်တက်ရောက်ကြ သည်။ တောင်သူနည်းပညာဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန္တာညီ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနအရာရှိ ဒေါက်တာဥမ္မာမြင့် တို့က "ဆားပေါက်မြေစီမံခန့်ခွဲခြင်းနှင့် ဆားငံဒဏ်ခံ စပါးမျိုးများ၏ အပင် အရည်အချင်း လက္ခဏာများ အကြောင်း " ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြကြရာ တက်ရောက် လာကြသည့် တောင်သူများက ပေါ်ဆန်း စပါးစိုက်ခင်းတွင် တွေ့ရသည့် အမြစ်များ မဲသွားသည့် လက္ခဏာများစပ်လျဉ်း၍လည်းကောင်း၊ စပါးသီးနှံ မြေသြဇာသုံးစွဲမှုနှင့်စပ်လျဉ်း၍ လည်းကောင်း မေးမြန်းကြရာ သက်ဆိုင်ရာ ပညာ ရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

တောင်သူနည်းပညာဆွေးနွေးပွဲအပြီးတွင် လေ့လာရေးတောင်သူများသည် စိုက်ပျိုးရေး သုတေသနဦးစီးဌာန မျိုးစေ့ဘဏ် သို့ သွားရောက် လေ့လာကြပြီး မျိုးစေ့ဘဏ်အတွင်း အအေးခန်းများတွင် မျိုးစေ့များ နှစ်တို၊ နှစ်ရှည် သိုလှောင်ထားရှိမှုများ၊ နိုင်ငံအဝှမ်းမှ စုဆောင်းထားရှိသည့် စပါး၊ ပဲ မျိုးစုံအစရှိသည် တို့အား သရုပ်ပြသထားရှိမှု တို့ ကို ကြည့်ရှုလေ့လာ ခဲ့ကြကြောင်းသတင်းရရှိသည်။

MOALI

လယ်ယာထွက်ကုန်ဈေးနှုန်းသတင်းများကို
www.agribiznews.com.mm
တွင်ကြည့်ရှုနိုင်ပါသည်

စာ-၂ မှ-

လက်ခံကျင်းပ မည်ဖြစ်ပါကြောင်း ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အတွက် ရိုက်ကူးထားသည့် ဗီဒီယိုပြသ၍ အစည်းအဝေးသို့ အသိပေးကြေညာခဲ့သည်။

မွန်းလွဲပိုင်းတွင်ကျင်းပပြုလုပ်သည့် ၈ ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့်အတူ အိန္ဒိယနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် တောင်သူလယ်သမား ရေးရာဝန်ကြီးဌာန ဝန်ကြီး H.E Shri Shivraj Singh Chouhan တို့က ပူးတွဲသဘာပတိများ အဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တီမောလက်စ်တေနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေး သစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ကာလလယ် လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံ-အိန္ဒိယ စိုက်ပျိုးရေးနှင့် ဆက်စပ် သိပ္ပံဘာသာရပ်များအတွက် ပညာသင်ဆုပေးအပ်ခြင်း စီမံကိန်း၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ မြေဆီလွှာကျန်းမာရေးကို ကဒ်ပြား အသုံးပြု စစ်ဆေးခြင်းဖြင့် ဂေဟစနစ်အား ပြန်လည်ကောင်းမွန်စေသည့် စိုက်ပျိုးရေးစနစ် ဆိုင်ရာ စီမံကိန်းနှင့် ဉာဏ်ရည်တု အသုံးပြုခြင်း၊ အင်တာနက်နှင့် အာရုံခံချစ်ပြားတို့ကို အသုံးပြု ၍ ကိန်းကဏန်း အချက်အလက်များ တိုင်းတွာခြင်း၊ ကွန်ပြူတာဉာဏ်ရည်စနစ်ဖြင့် တိကျသည့် စိုက်ပျိုးရေးစနစ် ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်း တို့ အကောင်အထည် ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အာဆီယံ-အိန္ဒိယ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက် အပေါ် အတည်ပြုခဲ့ကြသည်။

၎င်းနောက် ၂၀၂၆ ခုနှစ်တွင် ပြုလုပ်မည့် ၉ ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို အိန္ဒိယနိုင်ငံမှ လက်ခံကျင်းပမည် ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ ကိုယ်စားလှယ်ခေါင်းဆောင်မှ ကြေညာခဲ့ကြောင်း သိရှိရသည်။

MOALI

# ဆန်ဖြူတင်ပို့မှုအပေါ် မူဝါဒထပ်မံဖြေလျှော့ပေးရန် အိန္ဒိယအစိုးရဆုံးဖြတ်



အိန္ဒိယအစိုးရသည် ဆန်ဖြူတင်ပို့မှုအပေါ်သတ်မှတ်ထားသော ကြမ်းခင်းဈေး (Minimum export price -MEP) ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ နှင့် ပေါင်းဆန်အပေါ် စည်းကြပ်ထားသော ၁၀ ရာခိုင်နှုန်း ပို့ကုန်ခွန်တို့အား ဖယ်ရှားရန် ဆုံးဖြတ်ခဲ့ကြောင်း The Hindu Businessline သတင်းဌာန က ယခုလ ၁၈ ရက်က ဖော်ပြသည်။

ယခုလ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) က ကျင်းပပြုလုပ်ခဲ့သော ဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များပါဝင်သော အစည်းအဝေးတစ်ခု၌ ယင်းသို့ ဆုံးဖြတ်ခဲ့ကြောင်းနှင့် မကြာမီ တရားဝင်အမိန့်ကြော်ငြာစာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အဆိုပါကိစ္စနှင့်နီးစပ်သော တာဝန်ရှိသူများက အတည်ပြု ပြောကြားခဲ့သည်။

လက်ရှိခါရစ် (မိုးရာသီ) ဈေးကွက်ရှာဖွေရေးရာသီ၌ ဆန်လက်ကျန်များပိုလျှံနေပြီး အရန်ဆန် ဝယ်ယူရန်ခက်ခဲစေသည့်အတွက် ယင်းသို့ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကုန်သည် အသိုင်းအဝိုင်းက ပြောကြားခဲ့သည်။ ဆန်များကို သိုလှောင်ရန်နေရာ မကျန်ရှိရခြင်းမှာ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်းနှင့် ၎င်းမှ သတ်မှတ်ပေးထားသောဌာနများမှ ဆန်ဝယ်ယူမှု ထက်ဝက်လျော့ကျခဲ့သည့်အတွက်ကြောင့်ဟု ဆိုသည်။

ယခုသီတင်းပတ်အတွင်း အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်းချုပ် (Indian Rice Exporters Federation- IREF) မှ ကုန်သွယ်ရေးဝန်ကြီး Piyush Goyal နှင့် တွေ့ဆုံကာ ဆန်လက်ကျန်များ ပိုလျှံနေသည့်အတွက် MEP နှင့် ပို့ကုန်ခွန်တို့အား ဖယ်ရှားပေးရန်နှင့် သို့မှသာ ကမ္ဘာ့ဆန်ဈေးကွက်တွင် ပါကစ္စတန်ကဲ့သို့နိုင်ငံများနှင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ဆန်ဖြူ (ဆန်ကွဲ ၅ ရာခိုင်နှုန်း)၏ FOB ဈေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၈၈ မှ ၄၉၂ ရှိကာ ပါကစ္စတန်နိုင်ငံမှ အဆိုပါဆန်၏ FOB ဈေးနှုန်းမှာ ကန်ဒေါ်လာ ၄၈၁ မှ ၄၈၅ ရှိကြောင်း၊ ထို့အတူ အိန္ဒိယနိုင်ငံမှ ဆန်ဖြူ (ဆန်ကွဲ ၂၅ ရာခိုင်နှုန်း)၏ FOB ဈေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၁ မှ ၄၉၅ ရှိကာ ပါကစ္စတန်နိုင်ငံမှ အဆိုပါ ဆန်၏ FOB ဈေးနှုန်းမှာ ကန်ဒေါ်လာ ၄၄၀ မှ ၄၄၄ ရှိကြောင်း ထိုင်းနိုင်ငံဆန်တင်ပို့ရောင်းချသူများအသင်းက ဖော်ပြသည်။

အခြားပြိုင်ဖက်နိုင်ငံများဖြစ်ကြသော ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က အဆိုပါ ဆန် ၂ မျိုး ၏ FOB ဈေးနှုန်းအား ကန်ဒေါ်လာ ၅၀၀ အထက် သတ်မှတ်ထားကြကြောင်း သိရသည်။ ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်း စည်းကြပ်ထားသော်လည်း အိန္ဒိယနိုင်ငံ၏ ပေါင်းဆန်ဈေးနှုန်းသည် ကန်ဒေါ်လာ ၄၉၀ မှ ၄၉၄ ရှိပြီး၊ ပါကစ္စတန်နိုင်ငံ၏ အဆိုပါဆန်ဈေးမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၅၀၄ နှင့် နှိုင်းယှဉ်လျှင် သက်သာလျက်ရှိသည်ဟု ဆိုသည်။

ဗဟိုအစိုးရအနေဖြင့် ပန်ဂျပ်ပြည်နယ်မှ ဆန်တန်ချိန် ၄၀ ကို ချက်ခြင်းရယူခဲ့သည်ကို ကြည့်ခြင်းအားဖြင့် သိုလှောင်စရာနေရာမရှိ၍ MEP နှင့် ၁၀ ရာခိုင်နှုန်းအခွန်အားဖယ်ရှားလိုက်သည်မှာ အကြောင်းပြချက်ကောင်းတစ်ခုမဖြစ်နိုင်ဟု ဒေလီမြို့အခြေစိုက် လေ့လာသူတစ်ဦးကပြောကြားသည်။

အိန္ဒိယအစိုးရသည် စက်တင်ဘာ ၂၇ ရက်နေ့တွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လကတည်းက အခွန် ၂၀ ရာခိုင်နှုန်းသတ်မှတ်ထားခဲ့သည့် ပေါင်းဆန်အား ၁၀ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ခဲ့ သည်။ တစ်ဖန် စက်တင်ဘာ ၂၈ ရက်နေ့က ၂၀၂၃ ခုနှစ်၊ ဇူလိုင်လကတည်းက အာဏာသက် ဝင်ခဲ့သည့် ဆန်ဖြူတင်ပို့မှုပိတ်ဆို့ထားသည့်အပေါ် လွတ်လပ်စွာတင်ပို့ခွင့် ပြန်လည်ခွင့်ပြုခဲ့သည်။ သို့သော် MEP ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ သတ်မှတ်ခဲ့သည်။ ရာသီဥတု ပြောင်းလဲမှုဒဏ်ကြောင့် နိုင်ငံ၏ ဂျုံနှင့် စပါးစိုက်ပျိုးမှုအား အနည်းနှင့် အများဆိုသလို ထိခိုက်ခဲ့သော်လည်း ဆန်ထုတ်လုပ်မှု ၁၃၇ ဒသမ ၈၂ တန်ရှိကြောင်း မှတ်တမ်းတင်ထားသည်။

သို့ပါ၍ ယခုကဲ့သို့ ဆန်တင်ပို့မှုမူဝါဒကို ဖြေလျှော့ပေးလာသောကြောင့် အိန္ဒိယ ဆန်တင်ပို့သူများ ယှဉ်ပြိုင်နိုင်စွမ်းပိုမိုရရှိကာ ကမ္ဘာ့ဆန်ဈေးကွက်အပေါ် သိသာသော ရိုက်ခတ်မှုများရှိလာမည်ဖြစ်သည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline:

# RCEP ၏ ကုန်သွယ်ရေးဖြေလျှော့မှုများမှ အကျိုးအမြတ်ရရှိရန် ဘင်္ဂလားဒေ့ရှ် မျှော်လင့်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး နိုင်ငံစုံလွတ်လပ်သော ကုန်သွယ်ရေးအဖွဲ့ဖြစ်သည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(Regional Comprehensive Economic Partnership -RCEP)တွင် အဖွဲ့ဝင်အဖြစ် တရားဝင်လျှောက်ထားရန် မျှော်လင့်ထားကြောင်း ၎င်း၏ကုန် သွယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နိုင်ငံအများအပြားနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များကို ညှိနှိုင်းရန် ပြင်ဆင်နေကြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု Business Standard အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရသည်။

အိန္ဒိယသည် အရေးကြီးသော ကုန်သွယ်ဖက်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သော်လည်း ဘင်္ဂလားဒေ့ရှ်သည် ၎င်း၏စီးပွားရေးကို မြှင့်တင်ရန်အတွက် ကုန်သွယ်မှုအခင်းအကျင်းကို ကွဲပြားစေပြီး ပိုမိုကျယ်ပြန့်သော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးရန် အရေးကြီးကြောင်း၊ RCEP သည် ဤလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့် အခွင့်အရေးကို ပေးနိုင်ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်ဟု သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ဘက်စုံစီးပွားရေးမိတ်ဖက်ဆက်ဆံမှုသဘောတူညီချက် (Comprehensive Economic Partnership Agreement-CEPA) နှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပြီး RCEP နှင့် CEPA တွင် ပါဝင်ခြင်းသည် အဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့နိုင်ပြီး ၎င်းတို့၏စီးပွားရေးအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရှိရသည်။



စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို နီးကပ်စွာဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်သည် ပါဝင်သည့် အဖွဲ့ဝင်များ၏ ဘုံဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုတို့ကို မြှင့်တင်ရန် ဖြစ်ကြောင်းနှင့် ပိုမိုကျယ်ပြန့်၍ လွတ်လပ်သော ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုသည် အချင်းချင်း အပြန်အလှန်ဖြည့်ဆည်းရန်နှင့် ၎င်းတို့၏ သက်ဆိုင်ရာ နှိုင်းယှဉ်အားသာချက်များကို ပိုမိုကောင်းမွန်စွာ အသုံးချနိုင်စေရန်ဖြစ်သည်။

ထို့အပြင် နိုင်ငံတစ်ခုစီ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကိုအမှန်တကယ်အထောက်အကူပြုရန် ပါဝင်သော အဖွဲ့ဝင်များအကြားတွင် စက်မှုလုပ်ငန်းကွင်းဆက်များ ပေါင်းစည်းခြင်းသည် မရှိမဖြစ် လိုအပ်ကြောင်း၊ အပြန်အလှန်အားဖြင့် အနှောင့်အယှက်များနှင့် ကုန်သွယ်မှုအတားအဆီးများသည် နိုင်ငံအားလုံးကို ပိုမို

စာ-၇ သို့

# တိုက်ကြီးတွင် မထွန်မယက် ဖုံးအုပ် စိုက်ပျိုးစနစ်ဖြင့် ပညာပေးစိုက်ပျိုးပြသ

ရန်ကုန်၊ အောက်တိုဘာ ၂၇

**ရန်**ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်တွင် ဆည်ရေသောက်သုံး သီးပုံစံတိုးချဲ့ ဆောင်ရွက်ရေးအစီအစဉ်အရ ဒုတိယသီးနှံမတ်ပဲကို မထွန်မယက် သီးနှံကြွင်းကျန်၊ ရိုးပြတ်ကျန်များ ဖုံးအုပ်စိုက်ပျိုးစနစ် (သဘာဝပတ်ဝန်းကျင်မပျက်စိုက်ပျိုးစနစ်)ကို တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်း စနစ်ကျလယ်ယာမြေ ကွင်းအမှတ် ၇၃၀ ရှိ တောင်သူ ဦးသိန်းစိုးနှင့် ဦးလှဝင်းတို့၏ လယ်ယာမြေ ၁၀ ဧကတွင် အောက်တိုဘာ ၁၃ ရက် က ပြုလုပ်ခဲ့သည်။

ရိုးပြတ်ပင် ကြွင်းပင်ကျန်များ ပြတ်တောက်ရန် စိုက်ပျိုးမြေလွှာကို ဖုံးအုပ်ရာတွင် စက်ကိရိယာအသုံးပြု၍ ပိုမိုကောင်းမွန်စေပြီး မြန်မြန်ဆန်ဆန်စိုက်ပျိုးနိုင်ရေးအတွက် ခုတ်ဖြတ် ဖုံးအုပ်ကိရိယာ (MULCHER) ဖြင့် စနစ်တကျ စိုက်ပျိုးပြသခဲ့ကြောင်းသိရသည်။

မထွန်မယက်စိုက်ပျိုးစနစ် (သို့မဟုတ်) ခုတ်ဖုံးစိုက်ပျိုးစနစ်သည် စပါးစိုက်ပျိုးပြီး ကြွင်းကျန် အဆိုခါတ်ကို ထွန်ယက်ခြင်းများကြောင့် လေလွင့်မှုမရှိစေဘဲ ဒုတိယသီးထပ်သီးနှံအတွက် အပြည့်အဝအသုံးချနိုင်ရန် စီမံခြင်းဖြစ်သည်။ ရိုးပြတ်ကောက်ရိုးများကို မီးရှို့ခြင်းနှင့်လယ်ပေါင်းများကို ပေါင်းသတ်ဆေးအသုံးပြုပက်ဖြန်းပြီး သီးနှံစိုက်ပျိုးခြင်းများ လုံးဝမပြုလုပ်ရပါ။ ပင်ကြွင်းပင်ကျန်ပေါင်းမြက်များကို စိုက်ပျိုး မြေဆီလွှာပေါ်တွင် ဖြတ်တောက်ဖုံးအုပ်ရမည်ဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင်မပျက် စိုက်ပျိုးစနစ်ဟုလည်း ခေါ်ဆိုနိုင်သည်။

အချိန်အခါမဟုတ်မိုးရွာသွန်းမှုများရွာသွန်းခဲ့ပါကလည်းမိုးရေနုတ်မြောင်းထိုး၍ မိမိလယ် ရေဆင်းအရ သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဆောင်းသီးနှံ ပဲမျိုးစုံစိုက်ပျိုးမှုကို သီးနှံစိုက်ပျိုးချိန် ရှေ့တိုး၍ မထွန်မယက်ခုတ်ဖုံးစနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် လယ်ယာလုပ်သားရှားပါးမှုပြဿနာကိုလည်း ကျော်လွှားနိုင်မည်ဖြစ်သည်။

ထိုဖုံးအုပ်စနစ် (သဘာဝပတ်ဝန်းကျင်မပျက်စိုက်ပျိုးစနစ်) အသိပညာပေးပြုလုပ်ခဲ့သော တောင်သူဦးသိန်းစိုး၏ ပထမမိုးစပါး seeder စနစ် အထွက်နှုန်း စိစစ်အကွက်ကျယ်ရိတ်သိမ်းခဲ့ရာ စပါးအခြောက်အထွက်နှုန်း ၇၀ ဒသမ ၂၂တင်းနှုန်းထွက်ရှိခဲ့ကြောင်းသိရသည်။

**ဖော်လင်းထွဋ်**

---

စာ-၄ မှ

တိုက်တွန်း ပြောကြားလိုကြောင်း၊ ကော်မတီ၏ ရည်ရွယ်ချက်အတိုင်း အဆိုပါ ရေကြီးရေလျှံမှု ဖြစ်စဉ်နှင့် ပတ်သက်၍ အစီရင်ခံစာများ ပြုစုရေးသားမှုအပေါ် အခြေခံပြီး စာတမ်းများပြုစု၍ စာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပ ပြုလုပ်မှုများ ဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကဏ္ဍတွေဖြစ်သည့် စိုက်ပျိုးရေးနှင့် လျှပ်စစ် စွမ်းအင် ကဏ္ဍတွေမှာ ရေလှောင်တမံကြီးများသည် အဓိကနေရာက စွမ်းဆောင် ပေးနေပြီး ရေလှောင်တမံကြီးများရဲ့ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့တည်ငြိမ်မှု၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့်လူမှုပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှု၊ စွမ်းရည်မြင့်မားတိုးတက်မှု အစရှိသည့် လုပ်ငန်းရပ်များကို မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ ရည်ရွယ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း၊ ရေရှည်တည်တံ့ပြီး ရာသီဥတုပြောင်းလဲမှု ဒဏ်ခံနိုင်သည့် စိုက်ပျိုးရေးကဏ္ဍဖြစ်ပေါ်စေဖို့ နိုင်ငံတကာ နည်းပညာများ၊ သုတေသနရလဒ်များကို မျိုးဆက်သစ်များထံ ဆက်လက်ဖြန့်ဝေစေလိုကြောင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၊ ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားသည်။ ယခုစာတမ်းဖတ်ပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ စာတမ်းရှင် ၃ ဦးနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနမှစာတမ်းရှင် ၁ ဦးတို့က “Measures to Minimize the Environmental and Social Impacts in the Implementation of the Upper Yeywa Hydropower Project” ခေါ်င်းစဉ်ဖြင့်လည်းကောင်း၊ “Engineering Management On Rock-Fill Dam Project” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ “Dispersive soils and Their Management” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ “Rules and Regulations for Flood Control Management of Thaphanzeik Dam” ခေါင်းစဉ်ဖြင့် အသီးသီး ဖတ်ကြားကြပြီး တက်ရောက်လာသူများက စာတမ်းနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉) အစည်းအဝေး ခန်းမ၌ တိုင်းဒေသကြီးဦးစီးမှူးများနှင့် တွေ့ဆုံ၍ သုံးသီးစိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင် အထွက်နှုန်း ရရှိရေးအတွက် မျိုးစေ့သုံးစွဲမှုမှန်ကန်ရေး၊ လက်တွေ့ဆန်သော သုတေသနများ ဖော်ထုတ်နိုင်ရေး၊ ရေလှောင်တမံများ ရေသိုလှောင်ထားရှိမှုနှင့် သုံးသီး စိုက်ပျိုးနိုင်ရေး နွေစပါးတိုးချဲ့ရေး ဆက်စပ်အခြေအနေများ၊ စာရင်းကိန်းဂဏန်း မှန်ကန် စေရေး စသည့် စိုက်ပျိုးမွေးမြူရေး ကဏ္ဍတိုးတက်စေရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOALI**

---

စာ-၆ မှ

ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းများကို ဆုံးရှုံးစေမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် RCEP တွင် ပါဝင်ရန် စိတ်ဝင်စားခြင်းသည် ရေတိုစီးပွားရေး ပြဿနာများသာမက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ မျှော်မှန်းချက် များကြောင့်လည်း ဖြစ် ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် RCEP တွင် ပါဝင်ရန် ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် ဆုံးဖြတ်ခဲ့ခြင်းသည် သေချာစွာ စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိများ၏ပြောကြားချက်အရ Business Standard က ဖော်ပြခဲ့ကြောင်း သိရှိရသည်။

အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံနှင့် ဒေသအများစုသည် RCEP တွင် ပါဝင်နေပြီးကမ္ဘာ့စီးပွားရေး၏ အတက်ကြွဆုံးဒေသဖြစ်လာရန် အဆင်သင့်ဖြစ်နေကြောင်း ယင်းစီးပွားရေးနှင့် ချိတ်ဆက်ရန်ဘင်္ဂလားဒေ့ရှ်အတွက် အရေးကြီးကြောင်းဖော်ပြထားသည်ဟု သိရှိရသည်။

RCEP အဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ချောမွေ့စွာပြီးဆုံးပါက RCEP တွင် ပါဝင် ခြင်းသည်ဘင်္ဂလားဒေ့ရှ်အတွက် ကုန်သွယ်ရေးဖြေလျှော့မှုကို သိသိသာသာမြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ RCEP သည် အာရှ-ပစိဖိတ်ဒေသကို လွှမ်းခြုံထားသည့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ဖြစ်ပြီး ၎င်း၏အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေးနိုင်ကြောင်း၊ ဤမတူကွဲပြားသောကုန်သွယ်မှုပလက်ဖောင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်လာခြင်း သည် ဘင်္ဂလားဒေ့ရှ်၏ စီးပွားရေးအပေါ် လေးနက်သော အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သိရှိရပါ သည်။

RCEP အဖွဲ့ဝင်ဖြစ်မှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အထူးသဖြင့် တရုတ်၊ ဂျပန်၊ တောင် ကိုရီးယားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကဲ့သို့ အဓိကစီးပွားရေးနိုင်ငံများသို့ ဈေးကွက်ဝင်ရောက်ခွင့် တိုးချဲ့ပေးမည်ဖြစ်ကြောင်း၊ RCEP အဖွဲ့ဝင် ၁၅ နိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းနီးပါးကို ကိုယ်စားပြုရာ၌ အဖွဲ့သို့ဝင်ရောက်မှုသည် အထည်အလိပ်၊ ချုပ်ပြီးအထည်၊ ဆေးဝါးနှင့် အခြား ကုန်ပစ္စည်းများ အပါအဝင် ဘင်္ဂလားဒေ့ရှ်၏ အဓိကပို့ကုန်ကဏ္ဍများကိုမြှင့်တင်ရန် မျှော်လင့်ထား ကြောင်း သိရှိရပါသည်။

ထို့အပြင် RCEP တွင် ပါဝင်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်၏ ဒေသတွင်းတန်ဖိုးကွင်းဆက်များနှင့် ချိတ်ဆက်မှု သိသိသာသာတိုးတက်လာမည်ဖြစ်ကြောင်း၊ သဘောတူညီချက်သည် ဒေသတွင်း ထောက်ပံ့ရေးကွင်းဆက်များ ပေါင်းစပ်ရာတွင် ထိရောက်မှုရှိကြောင်းကို သက်သေပြခဲ့ပြီးဖြစ်ရာ ဘင်္ဂလားဒေ့ရှ်သည် ဒေသတွင်း ထုတ်လုပ်မှုကွန်ရက်များနှင့် ပိုမိုလိုက်လျောညီထွေဖြစ်စေပြီး ၎င်း၏ ထုတ်ကုန်များတန်ဖိုးကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

RCEP မူဘောင်သည် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုများကို လွယ်ကူချောမွေ့စေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အထူးသဖြင့် ကုန်ထုတ်လုပ်မှုနှင့်အခြေခံအဆောက်အဦကဏ္ဍများတွင် တိုးမြှင့်လာစေရန် ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း များကို ချဲ့ထွင်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကို မြှင့်တင်နိုင်မည်ဖြစ်ပြီး၊ ၎င်း၏ ပြည်သူများအတွက် အလုပ်အကိုင်ဖန်တီးပေးပြီးလူနေမှု အဆင့်အတန်းကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဈေးကွက်တစ်ခုတည်းကို မှီခိုအားထားနေခြင်းသည် စိန်ခေါ်မှုများကို ဖြစ်စေသဖြင့် RCEP အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုကို တိုးချဲ့ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ဈေးကွက်ကွဲပြား မှုကို ရရှိစေပြီး ၎င်း၏စီးပွားရေးကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကြောင်း သိရှိရပါသည်။

**ကေခိုင်ကျော်**

en.people.cn/n3/2024/1018/c90000-20231053.html




ပင်လယ်လိပ်များသည် ဒိုင်နိုဆောများထက် စော၍ ပေါ်ပေါက်ခဲ့ပြီး ရှေးအကျဆုံး သတ္တဝါများ ဖြစ်ပါသည်။ ရေငန်ပိုင်းနေ သွေးနွေးတွားသွား သတ္တဝါများဖြစ်ကြသော ပင်လယ်လိပ်များသည် သက်တမ်းအားဖြင့် နှစ် ၁၅၀ ခန့် နေထိုင်နိုင်ကြသော အသက်အရှည်ဆုံး ရေသတ္တဝါများတွင် ပါဝင်ကြပြီး ပျမ်းမျှ နှစ်(၅၀-၁၀၀)ထိ အသက်ရှည်နေထိုင်နိုင်ကြပါသည်။ ခန့်မှန်းအားဖြင့် တွားသွားသတ္တဝါမျိုးစိတ်ပေါင်း ၁၂၀၀၀ ခန့်ရှိကြပြီး ထိုအထဲမှာမှ မျိုးစိတ် ၁၀၀ ခန့်ကိုသာပင်လယ်တွားသွားသတ္တဝါအဖြစ်သတ်မှတ်ကြပါသည်။

ပင်လယ်တွားသွားသတ္တဝါများမှာ အဆုတ်အစား ပါးဟက်ကိုသုံး၍ အသက်ရှူကြသည်။ ထို့ကြောင့် ပင်လယ်သမုဒ္ဒရာအတွင်းရှိ တွားသွားသတ္တဝါများသည် ရေအောက်တွင် ပါးဟက်ဖြင့် အသက်ရှူနိုင်သကဲ့ သို့ တစ်ခါတစ်ရံတွင် အဆုတ်ကိုအသုံးပြု၍ ရေမျက်နှာပြင်ပေါ်သို့ တက်ကာအသက်ရှူကြပါသည်။

ပင်လယ်လိပ်များသည် ဘဝသက်တမ်းတစ်လျှောက် မိုင်ထောင်ပေါင်းများစွာ သွားလာကျက်စားနိုင်ပါသည်။ ပင်လယ်ကမ်းရိုးတန်းရေပြင်နှင့် သဲသောင်များသည် ပင်လယ်လိပ်များ သွားလာကျက်စားဥချရာဒေသများဖြစ်ပါသည်။ ပင်လယ်လိပ်များသည်ယင်းတို့သားပေါက်ခဲ့သည့်နေရာတွင် ပြန်လည်ဥချလေ့ရှိသည်။

ပင်လယ်လိပ်များအား မျိုးသုဉ်းလုနီးပါးမျိုးစိတ်(Endangered Species) အဖြစ် သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပင်လယ်လိပ်များသည် ပင်လယ်ဒီရေနီ(Red Tide)ဖြစ်ပေါ်စေသော သတ္တမျှောလေး(Dinoflagellate) များကို အစာအဖြစ် စားသုံးသောကြောင့် ပင်လယ်ပြင်ဂေဟာစနစ်တွင် အရေးပါသည့်သတ္တဝါများ ဖြစ်ပါသည်။ ပင်လယ်လိပ် များကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ(Eco-tourism)ဖွံ့ဖြိုးလာခြင်းမှတဆင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းလာနိုင်မည် ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ပင်လယ်လိပ်မျိုးစိတ် (၇) မျိုးရှိရာ မြန်မာနိုင်ငံတွင် မျိုးစိတ် (၅) မျိုးကို တွေ့ရှိနိုင်ပါသည်။

ယင်းတို့မှာ-
(၁) လိပ်စောင်းလျား (Leatherback Turtle)
(၂) လိပ်ကြက်တူရွေး (Hawksbill Turtle)
(၃) လိပ်လျောင်း (Olive Ridley)
(၄)ပြင်သာလိပ်(Green Turtle)
(၅)လိပ်ခွေး(Loggerhead)တို့ ဖြစ်ကြသည်။

၁။ လိပ်စောင်းလျား(Leatherback Turtle)

လိပ်စောင်းလျားသည် ကမ္ဘာ့အကြီးဆုံးပင်လယ်လိပ်ဖြစ်ပြီး အလေးချိန် ပေါင် ၅၀၀ မှ ၂၀၀၀ ထိရှိကြသည်။ လိပ်စောင်းလျား (Leatherback Turtle)၏ သိပ္ပံအမည်မှာ Dermochelys coriacea ဖြစ်သည်။ ယင်း၏ပုံသဏ္ဌာန်မှာ ကျောခွံတွင် စောင်းလျားသီးပုံရှိပါသည်။ ခန္ဓာကိုယ်တွင် အလျားလိုက်စောင်း ၅ ခု ပါရှိပါသည်။ ကျောခွံမှာ ထူထဲပျော့ပျောင်းပြီး အထူးသွေးလည်ပတ်မှုစနစ် ပါရှိသည်။ အရေပြားတွင် အဆီများစွာပါရှိသည့် ခန္ဓာကိုယ်တည်ဆောက်မှုကြောင့် အလွန်အေးသောရေထဲတွင် ပြုပြင်ပြောင်းလဲ ရှင်သန်နေထိုင်နေနိုင်ပါသည်။ ကျောခွံအလျားမှာ ၂ မီတာအထိ ရှည်လျားပြီး ခန္ဓာကိုယ်အလေးချိန်မှာ တစ်တန်အထိရှိပါသည်။ ရှေ့ရေယက်သည် အလွန်ရှည်လျားသန်မာပြီး ရေထဲ၌ ကူးခတ်သွားလာရာတွင် အလွန်လျင်မြန်ပါသည်။ အစုံစား (Omnivore)သတ္တဝါဖြစ်ပြီး ရေခူနှင့် ပြည်ကြီးငါးများကို အဓိကအားဖြင့် စားသုံးလေ့ရှိပါသည်။ တစ်ကြိမ်ဥချပါက ဥအလုံးရေ ၆၀ မှ ၁၂၀ လုံးအထိရှိပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးအဖြစ်ဆုံး မျိုးစိတ်တစ်ခုဖြစ်ပါသည်။

၂။ လိပ်ကြက်တူရွေး(Hawksbill Turtle)

လိပ်ကြက်တူရွေး(Hawksbill Turtle)၏သိပ္ပံအမည်မှာ Eretmochelys imbricata ဖြစ်ပြီး အပူပိုင်းဒေသတွင် တွေ့ရအများဆုံးဖြစ်သည်။ လိပ်ကြက်တူရွေး၏ ပုံသဏ္ဌာန်မှာ ကျောခွံတွင် အလွန်လှပသောအကြေးကွက်များရှိသည်။ ကျောခွံအကြေးကွက်များမှာ တစ်ခုနှင့် တစ်ခု ထပ်လျက် ရှိပါသည်။ နှုတ်သီးမှာ ကြက်တူရွေး(သို့မဟုတ်) စွန်နှုတ်သီးပုံသဏ္ဌာန်ရှိသဖြင့် လိပ်ကြက်တူရွေး(သို့မဟုတ်)လိပ်စွန် ဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ သန္တာကျောက်တန်း၊ ကျောက်ခက်များအနီးတွင် နေထိုင်ကျက်စားလေ့ရှိပြီး ပင်လယ်သမုဒ္ဒရာအောက်ခြေကြမ်းပြင်ရှိ ကျောရိုးမဲ့သတ္တဝါများကို အဓိကစားသုံးလေ့ရှိပါသည်။ အပင်၊ သက်ရှိသတ္တဝါငယ်များ၊ ပင်လယ်မြက်၊ ပင်လယ်ရေမှော်များ၊ သန္တာကျောက်ခက်၊ကျောက်ပွင့်များ၊ ဒီရေရောက်အပင်များ၏ အသီးများကို စားသုံးလေ့ရှိပါသည်။ ယင်း၏ လှပသော ကျောခွံများအား လူသားများမှ လွန်ကဲစွာ သုံးစွဲလာမှုကြောင့် မျိုးသုဉ်းပျောက်ကွယ်လာသဖြင့် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး မျိုးစိတ်တစ်မျိုးအဖြစ် သတ်မှတ်ထားပါသည်။ လိပ်ကြက်တူရွေးအခွံအား လက်ဝတ်ရတနာအဖြစ်အသုံးပြုရန် တိုက်တွန်းခြိမ်းခြောက်ခြင်း ခံနေရပါသည်။

၃။ လိပ်လျောင်း(Olive Ridley)

လိပ်လျောင်း(Olive Ridley)၏ သိပ္ပံအမည်မှာ Lepidochelys olivacea ဖြစ်သည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော မျိုးစိတ်များထဲတွင် အသေးဆုံးသော ပင်လယ်လိပ်ဖြစ်သည်။ လိပ်လျောင်းမှာ ဦးခေါင်းသေးပြီး ကျောခွံမှာ လုံးဝန်းပြီး အညိုရင့်ရောင်(သို့မဟုတ်)အစိမ်းရင့်ရောင်ရှိပြီး သက်ငယ် ကောင်အဆင့်တွင် နီညိုရောင်ရှိပါသည်။ ကျောခွံဘေးအကြေးကွက်မှာ တစ်ဘက်လျှင် ၄ခုစီပါရှိပါသည်။

ခန္ဓာကိုယ်အလေးချိန် ၃၀၀ ကီလိုဂရမ်အထက်ရှိပြီး ရေမှော်၊ ပင်လယ်မြက်များကို အဓိကစားသုံးလေ့ရှိ ပါသည်။ တစ်ကြိမ်လျှင် ဥလုံးရေ(၈၅)လုံးမှ (၂၀၀)လုံးအထိ တစ်နှစ်လျှင် ၇ ကြိမ်မှ ၈ကြိမ်အထိ ဥချလေ့ရှိပါသည်။ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးသတ္တဝါအဖြစ် သတ်မှတ်ထားပါသည်။ ခြိမ်းခြောက်အန္တရာယ်များမှာ ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းမိခြင်း၊ ပင်လယ်ထဲက အမှိုက်များနှင့် ငြိတွယ်မိခြင်းတို့ကြောင့် ဖြစ်သည်။

၄။ ပြင်သာလိပ်(Green Turtle)

ပြင်သာလိပ်(Green Turtle) ၏ သိပ္ပံအမည်မှာ Chelonia mydas ဖြစ်ပြီး အရောင်မျိုးစုံရှိကြသည် ။ ကျောခွံအလျားမှာ ၃ပေထိရှည်ပြီး ကျောခွံအရောင်မှာ လေးညှင်းရောင်(သို့မဟုတ်)စိမ်းညိုရောင်နှင့် အဝါရောင်ရောယှက်လျက်ရှိပါသည်။ ကျောခွံဘေးအကြေးကွက်မှာ တစ်ဘက်လျှင် ၆ခုမှ ၇ခုထိ ပါရှိပါသည်။ ယင်း၏ထူးခြားချက်မှာ ဝမ်းဗိုက်ခွံ(Plastron)နှင့် အပြင်နားအကြေး (Marginal Scales)ကြားရှိ အတွင်းအကြေး(Inframarginal Scales) များ တစ်ခုစီတွင် အပေါက်ငယ် (Inframarginal Pores)များ ၄ခုပါရှိသည်။ သက်ကြီးကောင်များသည် တစ်ခုတည်းသော အရွက်စား ပင်လယ်လိပ်ဖြစ်သည်။ ထို့ကြောင့် အသီးအရွက်ပေါ်များသော ပင်လယ်ကမ်းရိုးတန်းများနှင့် ပင်လယ်အော်များတွင်ကျက်စားကြသည်။ ပြင်သာလိပ်အမသည် တစ်ကြိမ်ဥချပါက ဥလုံးရေ ၉၀ မှ ၁၂၀ လုံးအထိရှိပြီး မျိုးသုန်းလုနီးပါးဖြစ်ရန် အလားအလာရှိသော မျိုးစိတ်တစ်မျိုး ဖြစ်ပါသည်။

၅။ လိပ်ခွေး(Loggerhead)

လိပ်ခွေး(Loggerhead)သည် ကြီးမားသော မျိုးစိတ်တစ်ခု ဖြစ်ပါသည်။ လိပ်ခွေး၏ သိပ္ပံအမည်မှာ Caretta Caretta ဖြစ်သည်။ ကျောခွံ၏အရောင်မှာ နီညိုရောင်ရှိပြီး ကျောခွံဘေး အကြေးကွက်မှာ တစ်ဘက်လျှင် ၅ ခုစီရှိပါသည်။ အခြားပင်လယ်လိပ်များနှင့် နှိုင်းယှဉ်ပါက ဦးခေါင်းသည် လွန်စွာကြီးမားပြီး မေးရိုးများမှာအလွန်သန်မာပါသည်။ ခန္ဓာကိုယ်အလေးချိန် ၄၅၀ ကီလိုဂရမ်ထိ ရှိပါသည်။ အစုံစား သတ္တဝါဖြစ်ပြီး အဓိကအားဖြင့် ခရုယောက်သွား၊ ဂုံး၊ သံပခြုပ်၊ ကဏန်းနှင့် ရေခူများကို စားသုံးသည့်အလေ့အထ ရှိပါသည်။ တစ်ကြိမ်ဥချပါကဥလုံးရေ ၇၀ မှ ၁၃၀ လုံးအထိ ဥချလေ့ရှိပါသည်။ တစ်နှစ်လျှင် ၆ကြိမ်အထိ ဥချတတ်ပါသည်။ လိပ်ခွေးများမှာ ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့်ယင်းတို့၏ ဥချရာနေရာများ လျော့ပါးနှောင့်ယှက်ခြင်း ခံနေရပါသည်။ မြန်မာနိုင်ငံတွင် ယခုအခါ လိပ်ခွေးကို မတွေ့ရှိရသလောက်ပင်ဖြစ်ပါသည်။

**ပင်လယ်လိပ်များ၏ ဂေဟာစနစ် ဝန်ဆောင်မှုများ**

- ရင့်ရော်နေသော ပင်လယ်မြက်များကိုစားပေးပြီး ယင်းတို့စွန့်ထုတ်လိုက်သောမစင်များမှ အပင်

စာ-၉ သို့

စာ-၈ မှ

များအတွက် အာဟာရဖြစ်စေခြင်း၊
- သားကောင် အရေအတွက်အား ထိန်းညှိပေးခြင်း၊
- ပင်လယ်လိပ်၏ ဥ၊ ဥခွံ နှင့် သားပေါက်များမှ ဂေဟာစနစ်အတွက် အာဟာရအရင်းအမြစ်များထောက်ပံ့ပေးခြင်း၊
- ပင်လယ်လိပ်များသည် ဒေသအမွေအနှစ်တစ်ခုဖြစ်ခြင်း၊ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ခြင်းတို့ ဖြစ်ကြသည်။

## ပင်လယ်လိပ်များ မျိုးသုဉ်းရသည့် အကြောင်းရင်းများ

-ပင်လယ်လိပ်များ၏ ဥနှင့်အသားများကို လူသားများမှ စားသုံးခြင်း၊
-ငါးဖမ်းဆီးရာတွင် ငါးဖမ်းကိရိယာများတွင် မတော်တဆထိမိခြင်း၊
-လိပ်သောင် လိပ်ကျွန်းများတွင် လူသားများမှ ကျူးကျော်ချဲ့ထွင်နေထိုင်လာခြင်း၊
-စွန့်ပစ်အညစ်အကြေးများနှင့် ရေထုညစ်ညမ်းမှုများကြောင့် ပင်လယ်ပြင်ဂေဟာစနစ်နှင့် မူရင်းဒေသများ ပျက်စီးပျောက်ဆုံးရခြင်း၊
-ပင်လယ်ရေပြင်အတွင်းသို့ အမှိုက်သရိုက်များ စွန့်ပစ်ခြင်း၊
-ရေလုပ်သားများမှ စွန့်သော ပျက်စီးနေသည့် ပိုက်စုတ်များတွင် ငြိတွယ်သေဆုံးခြင်း၊
-ပင်လယ်လိပ်များ၏ အစာဖြစ်သည့် ပင်လယ်မြက်များနှင့်သန္တာကျောက် တန်းများ ဆုံးရှုံးပျက်စီး လျော့နည်းလာခြင်း၊
-ပင်လယ်လိပ်များဥချရာ သဲသောင်ပြင်များ သဘာဝကြောင့် ပျက်စီး ဆုံး ရှုံးခြင်း၊
-ရေယာဉ်ပန်ကာ(ဒလက်)များကြောင့် ဒဏ်ရာရရှိမှု သေဆုံးခြင်း၊
-ပင်လယ်လိပ်ခွံများဖြင့် အလှတန်ဆာဆင်ပစ္စည်းများနှင့် အမှတ်တရ ပစ္စည်းများအဖြစ် ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့် မျိုးသုဉ်းရပါသည်။

### မေတ္တာရပ်ခံချက်

-ပင်လယ်လိပ်များကို သတ်ဖြတ်ခြင်း၊ စားသုံးခြင်းနှင့် ပင်လယ်လိပ်ဥ များကို တူးဖော်ခြင်း၊စားသုံးခြင်း မပြုလုပ်ရန်၊
-ငါးဖမ်းကိရိယာများတွင် ဖမ်းဆီးထိမိမှုများဖြစ်ပေါ်ပါက ငါးဖမ်းကိရိယာများမှ ဂရုတစိုက်ဖယ်ရှား ပေးရန်နှင့် နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနသို့ သတင်းအချက်အလက်များ(ထိမိသော ငါးဖမ်းကိရိယာ၊ ရက်စွဲ၊ လိပ်အမျိုးအစား၊ အရွယ်အစား၊ပင်လယ်လိပ်၏ အခြေအနေ)နှင့် ပတ်သက်သော သတင်းများ ပေးပို့ရန်၊
-ငါးဖမ်းကိရိယာများတွင် ထိမိခဲ့ပါက ပင်လယ်လိပ်များအား ရေစိုအဝတ်ဖြင့် ဖုံးအုပ်ကာ ရေပက်ဖြန်းပြုစုပေးပြီး စိတ်ချရသည့် အခြေအနေတွင်ပြန်လည်လွှတ်ပေးရန်၊
-တရွတ်ဆွဲငါးဖမ်းကိရိယာများတွင် ပင်လယ်လိပ်များ လွတ်မြောက်စေနိုင်သည့်ကိရိယာ (Turtle Excluder Device-TED)တပ်ဆင်အသုံးပြုရန်၊
- အမှတ်အသားပါ သတ္တုပြား(Tag) ရိုက်နှိပ်ထားသော ပင်လယ်လိပ်များအား ငါးဖမ်းကိရိယာများတွင် ထိမိပါက (Tag) နံပါတ်များကို နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနရုံးများသို့ သတင်းပေးပို့ရန်၊
-Tag နှင့် လမ်းကြောင်းအချက်ပြကိရိယာ(Platform Transmitter Terminal)ရိုက်နှိပ်တပ်ဆင်ထားသည့် ပင်လယ်လိပ်များသေဆုံးပါက ဖြတ်ယူသိမ်းဆည်း၍ နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနရုံးများသို့ သတင်းပေးပို့အပ်နှံရန်၊
- ပင်လယ်လိပ်အသေများ တွေ့ရှိပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများသို့ သတင်းပို့ရန်၊
- ပင်လယ်လိပ်များအား သက်ရှိရတနာ သယံဇာတအမွေအနှစ်တစ်ရပ်သဖွယ် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်၊
-မျိုးသုဉ်းရှားပါးရေနေသတ္တဝါများ ထိန်းသိမ်းကာကွယ်ရေးအတွက် ထုတ်ပြန်ကြေငြာပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊လုပ်ထုံးလုပ်နည်း၊ရုံးအမိန့်၊ကြော်ငြာစာများနှင့် နှိုးဆော်ချက်များကို အလေးထားလိုက်နာခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် လိပ်သည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံး သတ္တဝါဖြစ်ပြီး ပင်လယ်လိပ်များမှာ မျိုးသုဉ်းရန် အန္တရာယ်ရှိနေသော မျိုးစိတ်များတွင် ပါဝင်နေပါသည်။ မြန်မာနိုင်ငံတွင် ပင်လယ်လိပ်(၅)မျိုးကို တွေ့ရှိရပြီး ယခုအခါ အချို့သောလိပ်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေသို့ ကျရောက်နေပါသည်။ ထို့ကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှ လိပ်မျိုးထိန်းသိမ်းရေးကို

စာ-၁၅ သို့

---

ကျောဖုံးမှ

ထားသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာ (Diploma in Agriculture) ၃ နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများ၏ အင်ဂျင်နီယာနည်းပညာ ဒီပလိုမာ (AGTI Diploma-Farm Machinery) ၃ နှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ ၄ နှစ် သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်)သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ အင်ဂျင်နီယာနည်းပညာ ဒီပလိုမာတန်းသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်) သို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာအောင်လက်မှတ် ရရှိမည်ဖြစ်ပြီး၊ စိုက်ပျိုးရေးနှင့် သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါ သည်။

မွေးမြူရေးဘာသာရပ်တွင် အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့(Doctor of Veterinary Medicine) ၅ နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) ၄ နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများကို စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) ၃ နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ ကျောင်း၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) ၃ နှစ် သင်တန်းသို့တက်ရောက်နိုင်မည်ဖြစ်ပါသည်။ မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၅ နှစ် သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံ ဒီပလိုမာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာအောင် လက်မှတ်ရရှိမည်ဖြစ်ပြီး၊ မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါ သည်။

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၅ ကျောင်း၌ (Grade 10) တွင် စိုက်ပျိုးရေး ကျောင်းသားကျောင်းသူ ၁၂၅၇ ဦးနှင့် မွေးမြူရေးကျောင်းသား ကျောင်းသူ ၈၀၉ ဦး၊ (Grade 11) တွင် စိုက်ပျိုးရေးကျောင်းသားကျောင်းသူ ၉၀၁ ဦးနှင့် မွေးမြူရေး ကျောင်းသား ကျောင်းသူ ၆၀၅ ဦး စုစုပေါင်း ၃၅၇၂ ဦး တက်ရောက် သင်ကြားလျက်ရှိပြီး ပညာသင်ထောက်ပံ့ကြေးအဖြစ် ကျောင်းသားတစ်ဦး တစ်လလျှင် ၁၀၀၀၀/- ကျပ် ထောက်ပံ့ပေးပါသည်။



အခြေခံပညာနှင့်စက်မှု၊စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်းများတွင် စာတွေ့၊လက်တွေ့ လေ့ကျင့်သင်ကြားမှု

စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် သက်မွေးပညာကျောင်းများတွင် တက်ရောက်၍ ပညာသင်ယူခြင်းဖြင့် ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ တိုးတက်မြင့်မားရေးနှင့် အလယ်အလတ်အဆင့်စိုက်ပျိုးရေးပညာရှင်၊ ဒေသခံတိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးနိုင်ပြီး သင်ကြားတတ်မြောက်ထားသည့် ပညာရပ်ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အတွက် တောင်သူလယ်သမားများ အား ခေတ်မီစိုက်ပျိုးရေး နည်းပညာများ ပြန်လည်ဆင့်ပွား ပညာပေးခြင်းဖြင့် ဒေသတွင်းရှိလယ်ယာကဏ္ဍ ထုတ်ကုန်မှ တောင်သူဝင်ငွေတိုးတက်ရန်နှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေးစွမ်းအားမြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့်စိုက်ပျိုးရေးသိပ္ပံဌာနခွဲ

# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း–၁၅)

ဒေါက်တာမျိုးကြွယ်

## အမေရိကန်နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များ
## အင်ဒီယားနားတက္ကသိုလ်နှင့် ပါဒူးတက္ကသိုလ်

(ယခင်အပတ်မှအဆက်)

**အင်ဒီယားနားတက္ကသိုလ် (Indiana University, US)**

ကျွန်တော်တို့ အဖွဲ့သည် ၂၀၁၉-ခုနှစ်က အမေရိကန်ပြည် လေ့လာရေးခရီးစဉ်၌ အမေရိကန်နိုင်ငံရှိ ကော်နယ်တက္ကသိုလ် (Cornell University)၊ အင်ဒီယားနားတက္ကသိုလ် (Indiana University) နှင့် ပါဒူး တက္ကသိုလ် (Purdue University) များကို လေ့လာရေး သွားရောက်ခဲ့ရ ပါသည်။

အင်ဒီယားနားတက္ကသိုလ်သည် အင်ဒီယားနားပြည်နယ်တွင်ရှိ ပါသည်။ အင်ဒီယားနား ပြည်နယ်တစ်ခုထဲတွင်ပင် တက္ကသိုလ် စုစုပေါင်း ၂၀ ကျောင်းရှိပါသည်။

(၁) အင်ဒီယားနားတက္ကသိုလ်၊ ဘလူမင်တန်မြို့နယ်မြေ (Indiana University, Bloomingtog)
(၂) ပါဒူးတက္ကသိုလ်၊ အနောက်လဖါယက်မြို့နယ်မြေ (Purdue University, West Lafayette)
(၃) နော့တာဒိန်း ပုဂ္ဂလိကတက္ကသိုလ်၊ နော့တာဒိန်းမြို့ (University of Notre Dame, Notre Dame)
(၃) အင်ဒီယားနားပြည်နယ်တက္ကသိုလ်၊ တာရာဟိုက်မြို့ (Indiana State University, Terre Haute)
(၄) အင်ဒီယားနားတောင်ပိုင်းတက္ကသိုလ်၊အီဗန်ဗီးလ်မြို့(University of Southern Indiana)
(၅) အင်ဒီယားနားဝက်လီယမ်းတက္ကသိုလ်၊ မာရီယွန်မြို့ (Indiana Wesleyan University, Marion) စသည်ဖြင့် တက္ကသိုလ်များစွာ ရှိ ပါသည်၊

ကျွန် တော် တို့ သွား ရော က် လ ည် ပ တ် ခဲ့ သော အ င် ဒီ ယား နား တက္ကသိုလ်၊ ဘလူမင်တန် မြို့ နယ်မြေက ကမ္ဘာမှာရော၊ အမေရိကန်နိုင်ငံမှာ ပါ နာမည်ကြီး ထိပ်တန်းတက္ကသိုလ် ကျောင်းတစ်ကျောင်း ဖြစ်ပါသည်။

နာမည်ကြီးဘာသာရပ်များမှာ -

(က) အိုနီးလ်ပြည်သူ့ရေးရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်ပညာ ကျောင်း (O'Neill School of Public and Environmental Affairs) မှ ပေးအပ်သော ပြည်သူ့ရေးရာဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ (BS, MS, PhD in Public Affairs) နှင့် အထူးပြုဘာသာရပ်များ ဖြစ်သော ပတ်ဝန်းကျင် ဆိုင်ရာမူဝါဒနှင့်စီမံခန့်ခွဲမှု (Environmental Policy and Management)၊ ပြည်သူ့ဘဏ္ဍာရေး (Public Finance)၊ အမြတ်မယူသော အဖွဲ့အစည်း များ စီမံခန့်ခွဲမှု (Non-profit Management) များမှာ အမေရိကန်နိုင်ငံ၏ ထိပ်တန်း နံပါတ်-၁ အဆင့် ချိတ်ထားပါသည်၊

(ခ) ကယ်လီစီးပွါးရေးဆိုင်ရာအဆင့်မြင့်ပညာကျောင်း (The Kelly School of Business) မှပေးအပ်သော စီးပွားရေးပညာ ဘွဲ့များသည် အမေရိကန် နိုင်ငံ အစိုးရတက္ကသိုလ်များ (Public Universities) တွင်အမှတ်စဉ်-၅ ချိတ် ပါသည်။

(ဂ) ပညာရေး အဆင့်မြင့်ပညာကျောင်း (IU School of Education) မှ ပေးအပ် သော ဘွဲ့များတွင်တော့ ကျောင်းသား/သူများအတွက်ဆွေးနွေး လမ်းညွှန်မှုပညာ(Student Counselling)၊ဆရာ/ဆရာမများအတွက်ပညာ ရေး (Teacher Education) ဘာသာရပ်များသည် အမေရိကန်နိုင်ငံ၏ ထိပ် ဆုံး တက္ကသိုလ် ၁၀ ကျောင်းတွင်စာရင်းဝင်ပါသည်။

(ဃ) ဤတက္ကသိုလ်တွင် စိုက်ပျိုးမွေးမြူရေးဘာသာ သီးသန့်မရှိပါ၊ နီးစပ် သော ဇီဝဗေဒ (Biology) ဘာသာသည် အမေရိကန်တက္ကသိုလ်များတွင် အဆင့် ၁၅၀၊ ကမ္ဘာ့အဆင့်တွင် အဆင့် ၅၆၇ ရှိပါသည်။ အင်ဒီယားနား ပြည်နယ်မှ ကျောင်းသား/ကျောင်းသူများအတွက် စိုက်ပျိုးမွေးမြူရေး ပညာ ကို ပါဒူးတက္ကသိုလ်တွင် သွားရောက်သင်ယူနိုင်ပါသည်။

**ပါဒူးတက္ကသိုလ် (Purdue University, US)**

ဤတက္ကသိုလ်ကလည်း အမေရိကန်တို့၏ ယုံကြည်ရဆုံး တက္က သိုလ် (No-4 Most-Trusted Public University in US) နံပါတ်-၄ ဟု ကြေညာပါသည်။ ဤတက္ကသိုလ်တွင်ကျွန်တော်တို့ကမြန်မာပြည်က တက္ကသိုလ်များအကြောင်းဆွေးနွေးပွဲ (Seminar) ပြုလုပ်ခဲ့ပါသည်၊

ဤတက္ကသိုလ်ရှိကောလိပ်ပေါင်းများစွာမှ စိုက်ပျိုးမွေးမြူရေး ကောလိပ် (College of Agriculture) ဟူ၍ ရိုးရိုးလေးပဲခေါ်ဆိုကာ အမေရိကအကောင်းဆုံးစိုက်ပျိုး မွေးမြူရေး တက္ကသိုလ် နံပါတ်-၄၊ ကမ္ဘာ့



အင်ဒီယားနားတက္ကသိုလ်၊ ဘလူမင်တန်မြို့ နယ်မြေ

အကောင်းဆုံး အကောင်းဆုံးစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် နံပါတ်-၆ ချိတ် ပါသည်။ ဤကောလိပ်၏အောက်တွင်ရှိသောဌာနများမှာ -

(က) စိုက်ပျိုးမွေးမြူရေးနှင့်ဇီဝအင်ဂျင်နီယာဌာန (Department of Agricultural and Biological Engineering)အင်ဂျင်နီယာဘာသာ ရပ် ကို စိုက်ပျိုးမွေးမြူရေးနှင့်ဇီဝသိပ္ပံ (Agricultural and Biological Sciences) ပညာရပ်များနှင့် ပေါင်းစပ်ပြီးစိုက်ပျိုးရေးဆိုင်ရာပြဿနာ၊ သဘာဝအရင်း အမြစ်များနှင့်ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုပြဿနာများကို ပေါင်းစပ် ဖြေ ရှင်းပေးပါသည်။ အဓိကထားဆောင်ရွက်သော ဘာသာခွဲများမှာ စက်မှုလယ် ယာ (Agricultural Machinery)၊ ဇီဝစွမ်းအင်(Bioenergy)နှင့်ပတ်ဝန်းကျင် ဆိုင်ရာ အင်ဂျင်နီယာပညာ (Environmental Engineering) တို့ဖြစ် ပါသည်။ (မြန်မာနိုင်ငံရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာ ဌာန ရှိသော်လည်း ခေတ်အဆက်ဆက်အရေးပါမှုကိုသတိမထားမိသဖြင့် ဆရာ/ဆရာမ အနည်းငယ်နှင့် ဌာနငယ်ကလေးအဖြစ်သာ ရပ်တည်နေရဆဲ ဖြစ်ပါသည်၊ ကျွန်တော် သိသလောက် ဘွဲ့လွန်သင်တန်း၊ ဘာသာရပ်များ ပို့ချ ပေးနိုင်ခြင်းမရှိသေးပါ) ဇီဝအင်ဂျင်နီယာပညာ (Bio-engineering)နှင့် ပတ် ဝန်းကျင်ဆိုင်ရာအင်ဂျင်နီယာပညာ (Environmental Engineering) ဘာ သာရပ်သီးသန့်ဘွဲ့ပေးမှုကတော့မြန်မာတစ်နိုင်ငံလုံး ဘယ်တက္ကသိုလ်မှ ဘွဲ့ မပေးနိုင်သေးဟုထင်ပါသည်။

(ခ) စိုက်ပျိုးစီးပွားရေးပညာဌာန (Department of Agricultural Economics) စိုက်ပျိုးမွေးမြူရေးနှင့်စီးပွားရေးပညာပေါင်းစပ်ပြီး ဤဌာန၏ အာရုံစိုက်ရာ အဓိကထားသော ဘာသာခွဲများ (Areas of Focus) မှာ စိုက်ပျိုး မွေးမြူထုတ် ကုန်များ ကူးသန်းရောင်းဝယ်ရေး (Agribusiness)၊ မူဝါဒများ (Agricultural Policy)၊ ဈေးကွက်အရောင်းအဝယ်များ (Agricultural Marketing)၊ကျေးလက်ဒေသဖွံ့ဖြိုးမှု(Rural Development)၊ အပြည်ပြည် ဆိုင်ရာကုန်သွယ် ရေး (International Trade)၊ လယ်ယာမြေလုပ်ငန်းစီမံ ခန့်ခွဲမှု (Farm Management) တို့ပါဝင်သည်။ (မြန်မာနိုင်ငံတွင်တစ်ခုတည်း ရှိသော စိုက်ပျိုးစီးပွားရေးပညာဌာနဟုပြောရမည် ထင်ပါသည်။ အိမ်နီးချင်း နိုင်ငံများတွင် အထူးပြုဘာသာခွဲအလိုက် စိုက်ပျိုးရေးဆိုင်ရာ ကူးသန်း ရောင်းဝယ်ရေး (Agribusiness)၊ စိုက်ပျိုးရေးမူဝါဒ (Agricultural Policy)၊ ပတ်ဝန်းကျင် ဆိုင်ရာစီးပွားရေးပညာ (Environmental Economics) ပါမောက္ခ၊ တွဲဖက်ပါမောက္ခများစွာရှိပြီး သင်ကြားရေး၊ သုတေသနများကို ပြည်တွင်းရှိ တက္ကသိုလ်ချင်း အပြိုင်ဆိုင်ကာ သုတေသန၊ သင်ကြားရေး နှီးနှောဖလှယ်ပွဲ (National Conference)၊ အလုပ်ရုံ ဆွေးနွေး ပွဲ (National Workshop) များပြုလုပ်နေသည်ကို အားကျစွာတွေ့မြင်နေရ ပါသည်။ ၁၉၈၆-ခု သြစတေလျနိုင်ငံတွင် ကျွန်တော်မဟာစိုက်ပျိုးရေးသိပ္ပံ သင်တန်းတက် ရောက်စဉ်က ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာဦးတင်စိုး

စာ-၁၁ သို့

စာ-၁၀ မှ

နှင့် ဆရာမ ဒေါ်ချိုချိုဝင်းတို့ စိုက်ပျိုးစီးပွားရေးပါရဂူနှင့် မဟာစိုက်ပျိုးစီးပွားရေးပညာ လာရောက်သင်ကြားသည်ကို တွေ့မြင်ခဲ့ရပါသည်။ သို့သော်လည်း စိတ်မကောင်းစွာဖြင့် ဒေါက်တာတင်စိုးက ကွယ်လွန်သွားပြီး၊ ဒေါ်ချိုချိုဝင်းကအငြိမ်းစားယူသွားကာ ဤဘာသာရပ် သင်ကြားမှု စီးပွားရေး တက္ကသိုလ်များ တွင် မရှိတော့သည်ကို တွေ့ရှိရပါသည်)

(ဂ) လယ်ယာသီးနှံစိုက်ပျိုးရေးပညာဌာန (Department of Agronomy)

ဤဘာသာရပ်သည် ကွင်းကျယ်ကြီးတွင် စိုက်ပျိုးရသောသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု (Filed Crop Production)၊ စိုက်ပျိုးမြေအား သီးနှံအထွက်ကောင်းရန် စီမံပြုပြင်မှု (Soil and Tillage Management) နှင့် ရေရှည်တည်တံ့ခိုင်မြဲစေသော စိုက်ပျိုးနည်းစနစ်များ (Sustainable Agronomic Practices) ဆောင်ရွက်ပေးမှုတို့ပါဝင်သည်။ ဤဌာန၏လက်ရှိ အဓိက စူးစိုက် မှုမှာ သီးနှံသိပ္ပံ (Crop Science)၊ မြေဆီလွှာသိပ္ပံ (Soil Science)၊ ပတ်ဝန်းကျင် ပြုပြင်ထိန်းသိမ်းမှု (Environmental Conservation)၊ ရေရှည်တည်တံ့ စေသောစိုက်ပျိုး မွေးမြူရေး (Sustainable Agriculture) တို့ပါဝင်ပါသည်။ (လယ်ယာသီးနှံဘာသာရပ်ကမူကျွန်တော်ဆရာသက်တမ်းတစ်လျှောက်လုံး သင်ကြား သုတေသနပြုခဲ့ရသည့်ဌာန၊ ဘာသာရပ်ဖြစ်သဖြင့် ဌာနများ၊ ဘာသာရပ်အသစ်များ ချဲ့ထွင်မည်ဆိုလျှင် မျိုးစေ့သိပ္ပံ (Seed Science)၊ ပေါင်းသိပ္ပံ (Weed Science)၊ စားကျက် သီးနှံသိပ္ပံ (Pasture Science)၊ မြေကမ္ဘာကြီးနှင့်ကျွန်တော်တို့၏ပတ်ဝန်းကျင် ရေရှည်တည် တံ့ခိုင်မြဲရန် အတွက် နိုင်ငံတကာ တွင်စတင်နေသော လယ်ယာသီးနှံဂေဟာဗေဒ (Agroecology)စသည့် ဘာသာရပ်အသစ်များစွာ သင်ကြား၊ သုတေသနပြုရန် ကျန်နေပါသေးသည်။ တက္ကသိုလ်တစ်ခုတည်းတွင်တော့ ဌာနပေါင်းစုံ စုပြုထားတာ လက်တွေ့မကျဘဲ ပြည်နယ်/တိုင်းအလိုက် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များစွာ၊ ဌာနများစွာချဲ့ထွင်သည့်စနစ်၊ အပြိုင်အဆိုင် ပြုလုပ်ပေးသည့် စနစ်က လက်တွေ့ကျ၊ အောင်မြင်နိုင်ပါသည်)

(ဃ) မွေးမြူရေးသိပ္ပံပညာဌာန (Department of Animal Science)

မွေးမြူရေးဆိုင်ရာ ဇီဝဗေဒပညာ (Animal Biology) နှင့် အသား၊ နို့ တို့ရရှိစေသည့် ခြံမွေးတိရိစ္ဆာန် မွေးမြူထုတ်လုပ်ခြင်း (Livestock and Poultry Production) တို့ပါဝင်ပြီး အဓိကဦးတည် ဘာသာခွဲများမှာ မွေးမြူရေးဆိုင်ရာ အာဟာရဗေဒ (Animal Nutrition)၊ မွေးမြူရေးဆိုင်ရာ ဗီဇဗေဒ (Animal genetics)၊ ဇီဝကမ္မဗေဒ (Animal Physiology)၊ တိရိစ္ဆာန်များ ကျန်းမာ သန်စွမ်းရေးစောင့်ရှောက်မှုပညာ (Animal Health)နှင့် ပြုစုစောင့်ရှောက်မှုပညာ (Animal Welfare) ဘာသာရပ်များပါဝင်ပါသည်။ (မွေးမြူရေးဘာသာရပ်ကလည်း စိုက်ပျိုးရေးတက္ကသိုလ်တွင်တော့ ဌာနငယ်ကလေးမျှသာဖြစ်နေပြီး တစ်ချို့ကလည်း မွေးမြူရေးဆိုင်ရာတက္ကသိုလ် ရှိနေ၍ မလိုအပ်ပါ ပြောသူများလည်းရှိပါသည်၊သို့သော် လယ်ယာကဏ္ဍ ကျေးလက်တောင်သူများမှာတော့ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်ဆောင်ရွက်နေကြ၍ ခွဲခြား၍မရပါ၊ နေရာပေါင်းစုံ၊ ရှုထောင့်အမျိုးမျိုးမှ ပေါင်းစည်းလယ်ယာစနစ် (Integrated Farming, Farming System) အတွက် မွေးမြူရေး ကဏ္ဍက စိုက်ပျိုးရေးနှင့်ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မွေးမြူရေးဆိုင်ရာဗီဇဗေဒ (Animal Genetics)၊ အပင်များကဲ့သို့ အသားထွက်၊ နို့ထွက်၊ ဥထွက်ကောင်း သော တိရိစ္ဆာန်မျိုးများမွေးမြူရေး (Animal Breeding)၊ စိုက်ပျိုးသီးနှံများ နှင့်အတူ ငါး၊ ပုစွန်မွေးမြူရေး (Aquaculture, Aquaponics) စသည့် ဘာသာ ရပ်များစွာ ပြုလုပ်ရန်ကျန် နေပါသေးသည်။ ကျွန်တော်တို့ ညီညွတ်စွာနှင့် ပြောင်းလဲလာသောခေတ်စနစ်နှင့်အတူ တစ်ပြိုင်တည်းအပြေးလိုက်ရပါဦးမည်။

(င) ရုက္ခဗေဒနှင့်အပင်ရောဂါဗေဒဌာန (Department of Botany and Plant Pathology) အပင်ဇီဝဗေဒ (Plant Biology) နှင့် အပင်များအား တိုက်ခိုက်သော ရောဂါပိုးများ (Diseases affecting Plants) လေ့လာခြင်းတို့ ပါဝင်သည်။ အပင်ဗီဇဗေဒ (Plant Geneics)၊ မော်လီကျူးဆိုင်ရာဇီဝဗေဒ (Molecular Biology) နှင့် အပင်ရောဂါများ (Plant Diseases) နှင့် သီးနှံကာကွယ်ရေး (Crop Protection)တို့ကို အဓိကထား ဦးစားပေးပါသည်။

(အပင်ရောဂါဖြစ်စေသောသက်ရှိများ (Plant Pathogenic Organisms) အပြင် အပင်အကျိုးပြုအနုဇီဝသက်ရှိများ (Beneficial Microbes) အကြောင်း လေ့လာစရာများစွာ ရှိနေပါသေးသည်)

(စ) ကီမိလဗေဒဌာန (Department of Entomology) ဤတက္ကသိုလ်ရှိဌာနသည် စိုက်ပျိုးသီးနှံများတွင်သာမက လူသား (Human)၊ တိရိစ္ဆာန် (Animal)၊ အပင် (Plants e.g. Crops and Forest Trees) စိုက်ပျိုးပင်၊ သစ်တော သစ်ပင် များနှင့် ဆက်စပ်နေသော အင်းဆက်ပိုးများ (Insects)ကို လေ့လာသင်ကြား သုတေသနပြုခြင်းဖြစ်ပါသည်။ (နိုင်ငံတကာ တက္ကသိုလ်များရှိကီမိလဗေဒဌာနများသည် စိုက်ပျိုးသီးနှံများကို ဖျက်ဆီးသော အင်းဆက်ပိုးများ (Insect Pests) သာမက အကျိုးပြုအင်းဆက်ပိုးများ (Beneficial Insects) ဥပမာ - ပျားမွေးမြူရေး(Apiculture/Bee Keeping)၊



ပါဒူးတက္ကသိုလ်၊ အနောက်လဖါယက်မြို့နယ်မြေ

ပိုးချည်မွေးမြူရေး (Sericulture) စသည့် ဘာသာရပ်များအပြင် လူသားများ (Human)၊ မွေးမြူထားသော တိရိစ္ဆာန်များ(Animals)၊ သစ်တောများတွင် ကျရောက်ဖျက်ဆီးတတ်သော အင်းဆက်ပိုးများကို ကျယ်ပြန့်စွာ လေ့လာသုတေသနပြု သင့်ပါသည်။ကျွန်တော် ကွင်းစလန်တက္ကသိုလ်တွင်ရှိစဉ်က မြန်မာနိုင်ငံဆေးသုတေသနဦးစီးဌာနမှ သုတေသီ ဆရာဝန် ဒေါက်တာဝီလော်ဘီထွန်းလင်းသည် ငှက်ဖျားရောဂါဖြစ်ခြင်းသုတေသနဖြင့် ပါရဂူဘွဲ့လာယူရာ ကီမိလဗေဒမှဘာသာရပ်များစွာ သင်ကြားခဲ့ရပါသည်။ မြန်မာနိုင်ငံ တက္ကသိုလ် အချို့ရှိ သတ္တဗေဒ (Zoology) ဌာနများတွင်တော့ ကီမိလဗေဒ လေ့လာ သုတေသနပြုလျက်ရှိပါသည်။ ကျွန်တော်ဆိုလိုသည်က စုပေါင်းလေ့လာဆွေးနွေး တိုင်ပင် သင်ကြား၊ သုတေသနပြုရန်ပါ၊ မြန်မာနိုင်ငံ တက္ကသိုလ်များမှာ ဝန်ကြီးဌာန အသီးသီးက ကြီးကြပ်ကွပ်ကဲသဖြင့် တက္ကသိုလ် တစ်ခုနှင့်တစ်ခု အဆက်အသွယ်အလွန် နည်းပါးလှပါသည်)

(ဆ) အစားအသောက်သိပ္ပံဌာန (Department of Food Science) ဤဌာနသည် အစားအစာ ပြုပြင်ခြင်း (Food Processing)၊ လုံခြုံမှု (Food safety)၊ အရည်အသွေး ကောင်းမှု (Food Quality)၊ ခေတ်မီနည်းပညာများ (New Technology) အပေါ်အခြေခံ၍ အာရုံစိုက် (Focus) ဆောင်ရွက်ပါသည်။ (ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ၂၀၁၈-ခုနှစ်မှ အသစ်ဖွင့်လှစ်သောဌာနဖြစ်ပြီးဆရာ/ဆရာမအင်အားနည်းပါးနေပါသေးသည်။အစားအသောက်ဆိုသည်မှာ အသီးအနှံ၊ ဟင်းသီး ဟင်းရွက်များတွင်သာမက အသား (Meat)၊ ငါး (Fish) ပုစွန် (Prawn)၊ နွားနို့ (Milk)၊ ကြက်ဥ၊ ဘဲဥ (Egg) တို့မှထုတ် လုပ်သော အစားအစာများ စသည်တို့ပါ လေ့လာ သင်ကြား သုတေသနပြုရပါဦးမည်။ ဥပမာ - နွားနို့နှင့်နို့ထွက်ပစ္စည်းများ အကြောင်း လေ့လာသော သိပ္ပံပညာ (Dairy Science)၊ ဝိုင်ထုတ်လုပ်ခြင်းအကြောင်း လေ့လာသောပညာ (Wine Science) စသည်တို့ များစွာ လေ့လာစရာလိုပါသေးသည်။

(ဇ) ဥယျာဉ်ခြံသီးနှံနှင့်မြေယာဗိသုကာဒီဇိုင်းဌာန (Department of Horticulture and Landscape Design)ဤဌာနသည် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ အလှဆင်အပင်များ (Ornamental Plants) နှင့် မြေယာအလှဆင်ဒီဇိုင်း (Landscape Design)၊ မြို့ပြစိုက်ပျိုးရေး (Urban Agriculture) အပိုင်းများကို ဦးစားပေးသင်ကြား၊ သုတေသနပြု ဆောင်ရွက်ပါသည်။(စိုက်ပျိုးရေးတက္ကသိုလ်တွင် တစ်ခုတည်းသော ဥယျာဉ်ခြံသီးနှံဌာန ရှိသော်လည်း အိန္ဒိယ အစရှိနိုင်ငံတကာတက္ကသိုလ်များက သစ်သီးဝလံသိပ္ပံပညာ (Pomology, Fruit Science)၊ ဟင်းသီးဟင်းရွက်သိပ္ပံပညာ (Olericulture, Vegetable Science)၊ ပန်းမန်သိပ္ပံပညာ (Floriculture, Flower Science) စသည်တို့ ဌာနများစွာခွဲပြီး ရှေ့ဆုံးမှ ပြေးလျက်ရှိနေပါပြီ၊ မီအောင်လိုက်ကြပါစို့၊ မြေယာဗိသုကာဒီဇိုင်းဌာနတော့ နည်းပညာ တက္ကသိုလ်များတွင်လည်း မကြားမိသေးပါ)

(ဈ) ဇီဝဓာတုဗေဒဌာန (Department of Biochemistry) ဤဌာနသည် မော်လီကျူး ဆိုင်ရာဇီဝဗေဒနှင့် ဇီဝဓာတုပညာတို့ကိုအခြေခံ၍ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးချပါသည်။ မော်လီကျူးအဆင့်မှစ၍ ဇီဝဆိုင်ရာဖြစ်စဉ်များကို အစားအစာ၊ သီးနှံ၊ အသား၊ငါး၊ နို့၊ ဥ ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်ရန် အသုံးချပါသည်။(သီးသန့်ဌာန၊ အရေးကြီးဌာနဟူ၍ သတိမမူ၊ ဂုဏ်မြင်ဖြစ်နေသဖြင့် ဘာသာရပ်တစ်ခု အနေနှင့်သာ သင်ကြားနေရဆဲပါ)

(ည)စိုက်ပျိုးမွေးမြူရေးဆိုင်ရာပညာရေးနှင့်လူငယ်များဖွံ့ဖြိုးတိုးတက်မှု ဌာန (Department of Agricultural Education and Youth De-velopment) ဤဌာနက စိုက်ပျိုးမွေးမြူရေး၏ အနာဂတ်ပညာရေးအကြောင်း၊လူငယ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Leadership Development)၊ တောင်သူပညာပေးလုပ်ငန်းများ (Extension Education) စသည်တို့ကို အဓိကထား အာရုံစိုက်သင်ကြား၊ သုတေသန ပြု

စာ-၁၅ သို့




၂၅-၁၀-၂၀၂၄ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်

ယခုရက်သတ္တပတ်အတွင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၁၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ဧယာဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၉၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၇၈၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန် ၂၅ ရာခိုင်နှုန်းအကြမ်း အလတ်စ တစ်တင်းခွဲ တစ်အိတ် လျှင် ၇၂၀၀၀ ကျပ်နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၇၁၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ဆန်ဟောင်းလက်ကျန်နည်းလာချိန်ဖြစ်သော်လည်း မိုးစပါးသစ်အချို့ ရိတ်သိမ်းချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ မိုးရွာသွန်းမှုများကြောင့် ဈေးကွက်သို့ ကုန်အဝင်နည်း၊ ဝယ်လိုအားနည်းခြင်းကြောင့်လည်းကောင်း ဆန်ဈေးနှုန်းအများစုမှာ ယခင် ရက်သတ္တပတ်နည်းတူ ဈေးနှုန်းအမြင့်တွင်ပင်တည်ငြိမ်နေခဲ့သည်။ အထက်ပါဆန်ဈေးနှုန်းများမှာ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတ်မှတ် ထုတ်ပြန်ထားသော ၂၀၂၄ ခုနှစ်၊ အောက်တိုဘာအတွက် သင့်တင့်မျှတသော ဈေးကွက် ဈေးနှုန်းများပင်ဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ပြီး စားသုံးသူများမှလည်း ဝယ်လိုအားနည်းလျက်ရှိကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်တင်ပို့ခွင့်ကာလကုန်ဆုံးပြီး ဖြစ်ခြင်း၊ပြောင်းသစ်များ ဈေးကွက်သို့စတင်ဝင်ရောက်မှုရှိလာချိန်ဖြစ်ခြင်း၊ ပြောင်းသစ်များ ဖြစ်၍ အစိုဓာတ်များနေသေးခြင်း၊ နယ်စပ်ဂိတ်များမှတင်ပို့မှု မရှိသလောက်နည်းခြင်း၊ မွေးမြူရေးအစာစက်ရုံများမှ ဝယ်ယူမှု နည်းခြင်း၊ ရောင်းလိုအားများခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်း ဈေးနှုန်းများ ယခင်အပတ်ထက် ဆက်လက်ဈေးနိမ့်လာခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၈၁၅၄၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၀၄၆၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။

## စားဖိုဆောင်သီးနှံ

စားဖိုဆောင်သီးနှံဈေးကွက်တွင် ငရုတ်ခြောက်(ရှည်၊လတ်၊ပွ) ဈေးနှုန်းများမှာ ငရုတ် စိုက်ခင်းများ ရေကြီးနစ်မြုပ်မှုများကြောင့် ပျက်စီးမှုများရှိခဲ့ခြင်းနှင့် ဈေးကွက်သို့ ကုန်အဝင်နည်း ခြင်း၊အအေးခန်းသိုလှောင်ငရုတ်ခြောက်များလည်း ကုန်ဝင်ရောက်မှုရှိခြင်း၊ ပြည်တွင်း/ပြည်ပ ဝယ်လက်များမှ ဝယ်ယူမှုနည်းခြင်း၊လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ပြည်ပတင်ပို့နိုင်မှု မရှိသလောက်နည်းခြင်း၊ စားသုံးသူများမှ ဝယ်လိုအား နည်းခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ယခင် အပတ် ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ငရုတ်ခြောက်(ရှည်၊ လတ်၊ ပွ) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၈၀၀၀-၁၁၀၀၀-၁၀၅၀၀ ကျပ်ဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ပန်းရဲ၊ မြားနီ၊ ပန်းတနော်၊ မိုးထောင်(မြစ်ဝ)၊ ဆင်ဖြူကျွန်း(ပု)၊ မြစ်ဝ(ပု) ငရုတ်များ ကုန်ဝင်ရောက်မှုရှိခဲ့ပြီး အအေးခန်းသိုလှောင်ငရုတ်ခြောက်များလည်း ကုန်ဝင်ရောက်မှုရှိခဲ့သည်။

ကြက်သွန်နီ(ထူး၊ လတ်၊ သေး)မှာ အဟောင်းလက်ကျန်နည်းလာချိန်ဖြစ်ခြင်း၊ ပြည်ပတင်ပို့ရန် ဝယ်ယူမှုရှိခြင်း၊ ပစ္စည်းအလှရှားခြင်းတို့ကြောင့် စိုက်ပျိုးထွက်ရှိရာဒေသများတွင် ဈေးမြင့်လာပြီး ရန်ကုန်ဈေးကွက်သို့ ကုန်အဝင်ပုံမှန်ရှိသော်လည်း ယခင်အပတ်ထက် ဆက်လက် ဈေးမြင့်ခဲ့သည်။ ကြက်သွန်နီ(ထူး၊ လတ်၊ သေး) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၉၀၀-၂၆၀၀-၁၇၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၂၀၀-၃၂၀၀-၂၁၂၅ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။ ဈေးကွက်သို့ မြင်းခြံ၊ ဆိပ်ဖြူ၊ မုံရွာ၊ မိတ္ထီလာ ၊ မလှိုင်၊ ပခုက္ကူ၊ တောင်သာ၊ ကျောက်ပန်းတောင်းဒေသများမှ ကုန်ဝင်ရောက်မှုရှိခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အဟောင်းလက်ကျန်နည်းလာချိန်ဖြစ်ခြင်းတို့ကြောင့် ယခင်အပတ်ထက် ဆက်လက်ဈေးမြင့်ခဲ့သည်။

ကြက်သွန်ဖြူ(ရှမ်း)တစ်ပိဿာလျှင် ယခင်အပတ်ဈေးနှုန်းမှာ ၁၁၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၂၂၅၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။ အာလူး ဈေးနှုန်းများမှာ ရှမ်းအာလူးများ အရည်အသွေးနိမ့်ကာ ကုန်အဝင်မရှိသလောက် နည်းခြင်း ကြောင့်ဈေးနှုန်းကောက်ယူနိုင်မှုမရှိခဲ့ပါ။ တရုတ်အာလူးများ ဈေးကွက်သို့ ကုန်အဝင်နည်းခဲ့ခြင်း၊ စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့်ယခင်အပတ်ထက်ဈေးမြင့်ခဲ့သည်။ တရုတ်အာလူး တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၆၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၆၇၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကား ရည်ညွှန်းဈေးနှုန်းမှာ ၆၂၆၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းထက်တစ်ပိဿာလျှင် ၉၀ ကျပ်နှုန်း ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ဆီထွက် သီးနှံ မြေပဲ၊ နှမ်းများ အသစ်ပေါ်ချိန်တွင် ပြည်တင်ပို့မှုလျော့နည်းလာကာ မြေပဲ၊ နှမ်းများ ဈေးနိမ့် လာခြင်း၊ ပြည်ပငွေလဲနှုန်းများ အနည်းငယ်ဈေးနိမ့်လာခြင်းတို့ကြောင့် စားအုန်းဆီဈေးနှုန်းများ ယခင်အပတ်ထက် အနည်းငယ် ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

အေးသန္တာဝင်း

စာ-၁၃ မှ

ခြင်းကြောင့် ငါန်းဇွန်၊ မြို့သာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို၊ မြင်းမူ၊ မြောင် ဂျုံများ ၃တင်းတစ်အိတ် ၂၁၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ရှမ်းဂျုံမှာ ဂျုံမှုန့်သား အထွက်နည်း၍ အရောင်းအဝယ်အေးခြင်းကြောင့် တစ်အိတ် ၁၉၅၀၀၀ကျပ်မှ ၁၈၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ အထွက်တိုးဂျုံနှင့် ကြူကုတ်ဂျုံ ၃တင်းတစ်အိတ် ၁၈၀၀၀၀ကျပ်၊ ဩစတေးလျဂျုံမှုန့်တစ်ပိဿာ ၃၇၀၀ကျပ်၊ ဂျုံဖွဲတစ်ပိဿာ ၁၂၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ အစေ့ထုတ်ပြောင်းမှာ မိုးပြောင်းအဝင်နည်းခြင်း၊ အရည်အသွေးညံ့ခြင်းရှိသော်လည်း အစာစပ်သမား ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၇၄၀၀၀မှ ယခုအပတ် ၇၅၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

ခင်မေကြည်

www.agribiznews.com.mm နှင့် ePaper တို့တွင်
ကြော်ငြာများထည့်သွင်းနိုင်ပါပြီ

## ဆန်နှင့်ဆီ

ဆန်ဈေးနှုန်းများအနေဖြင့် နယ်ဝေးတင်ပို့ရမှု မရှိခြင်း၊ မြို့တွင်းစားသုံးရန်အဝယ်နည်းခြင်း၊ အသစ်မဝင်သေးခြင်းကြောင့် ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၃၅၀၀၀ကျပ်၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ၁၅၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မန္တလေးဝန်းကျင်မှ အများဆုံးဝင်ရောက်သော မနောသုခဆန်မှာ အဟောင်းအဝင်နည်းသွား ခြင်း၊ အသစ်ဝင်ရောက်မှုရှိခြင်း၊ မြို့တွင်းအများသုံးဆန်ဖြစ်၍ ဝယ်ယူမှုများခြင်း၊ လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် အဟောင်းတစ်အိတ် ၉၅၀၀၀ကျပ်၊ အသစ်တစ်အိတ် ၉၀၀၀၀ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။ ဧယာနှင့် ငစိန်မှာ ရန်ကုန်ဈေးကွက်မှ တစ်ဆင့်ဝင်ရောက်သောဆန်ဖြစ်ခြင်း၊ ကားခဈေး မသိမသာမြင့်ခြင်း၊ အဝင်နည်းခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ဧယာဆန်တစ်အိတ် ၉၃၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ငစိန်ဆန်မှာ အဝင်ပုံမှန်၊ လုပ်ငန်းသမားအဝယ်နည်းခြင်း ကြောင့် ကားခဈေး မြင့်သော်လည်း တစ်အိတ် ၇၈၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဧရာမင်းဆန်မှာအဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ရန်ကုန်မှသယ်ယူစရိတ်မှာ ဆန်တစ်အိတ် ၃၅၀၀ကျပ်၊ ရွှေဘိုမှ ဆန်အိတ် အနည်းအများပေါ်မူတည်၍ တစ်အိတ် ၂၀၀၀မှ ၂၅၀၀ကျပ် တင်ခပေးရကြောင်း သိရသည်။ ဆီဈေးနှုန်းများအနေဖြင့် မိုးမြေပဲပေါ်ချိန်ဖြစ်၍ မြေပဲ(ဆီဆံ) ဈေးနိမ့်သဖြင့် ပဲဆီတစ်ပိဿာ ၁၄၅၀၀ကျပ်၊ နှမ်းဆီ ၁၃၅၀၀ကျပ်ဈေးဖြင့် ရောင်းဝယ်နေသည်။

## ဆီထွက်သီးနှံ

မြေပဲ(လုံးဆန်/ဆီဆန်) ဈေးနှုန်းမှာ အဝင်ပုံမှန်၊ လုပ်ငန်းသမားအဝယ် ပုံမှန်ရှိခြင်းကြောင့် လုံးဆံ သစ် ၁၀၀ပိဿာ အရည်အသွေးပေါ်မူတည်၍ ၈၁၀၀၀၀ကျပ်မှ ၈၃၀၀၀၀ကျပ်၊ မြင်းမူဆံ ၁၀၀ပိဿာ ၈၅၀၀၀၀ကျပ်ဈေးရှိပြီး မြေပဲ (ဆီဆန်)မှာ ပြည်၊ အောင်လံမှ ဝင်သော ဆီဆန် ၁၀၀ပိဿာ ၇၂၀၀၀၀ကျပ်၊ နွားထိုးဆီဆန် ၁၀၀ပိဿာ ၇၆၀၀၀၀ကျပ်ဖြင့် ဆီစက်သမားများ ပုံမှန်ဝယ်ယူနေသည်။ နှမ်းဖြူမှာ လုပ်ငန်းသမားအဝယ်နည်းခြင်း ပြည်ပပို့ရန် အဝယ်နည်းခြင်း ကြောင့် ၄၅ပိဿာ ၃၅၀၀၀၀ကျပ်၊ နှမ်းညိုမှာ အသစ်ဝင်ရောက်မှုများခြင်း၊ ဆီစက်သမားအဝယ်နည်း ခြင်းကြောင့် ၄၅ပိဿာ ၃၂၀၀၀၀ကျပ်မှ ၂၉၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းနက်(စမုံ)မှာ အဝင်နည်းသွားခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း အရည်အသွေးပေါ်မူတည်၍ အရည် အသွေးအနိမ့်ဆုံး ၅၇၅၀၀၀ကျပ်မှ ၅၉၀၀၀၀ကျပ်၊ အကောင်းဆုံး ၆၄၀၀၀၀ကျပ်မှ ၆၅၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ပန်းနှမ်းနှင့်နေကြာမှာ ပစ္စည်းရှား၊ အရောင်းအဝယ်ဖြစ်မှုမရှိခြင်း၊ ဆီစက်သမား အဝယ်နည်း ခြင်းကြောင့် လဆန်းပိုင်းဈေးနှုန်း အတိုင်း ပန်းနှမ်း ၄၅ပိဿာ ၂၅၀၀၀၀ကျပ်၊ နေကြာ ၂၇ပိဿာ ၂၀၀၀၀၀ကျပ် ဈေးသာရှိသည်။

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေးတို့မှ ၂၉-၁၀-၂၀၂၄ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ပဲမျိုးစုံ

မတ်ပဲ ဈေးနှုန်းမှာ အဝင်ပုံမှန်ရှိခြင်း၊ ပြည်ပပို့ရန် အဝယ်နည်းခြင်း၊ အရောင်းအဝယ်အေးသော်လည်း လက်ကျန် အဟောင်းနည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၃၅၀၀၀၀ကျပ်၊ ရေသွင်းပဲ တစ်အိတ် ၃၁၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲတီစိမ်း (အညာ)မှာ မိုးပဲတီစိမ်းများ အဝင်ရှိခဲ့ခြင်း၊ အရောင်းအဝယ်အေးခြင်း၊ အရည်အသွေး ပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် အရည်အသွေး အနိမ့်ဆုံး ၂၂၅၀၀၀ ကျပ်မှ အကောင်းဆုံး ၂၄၃၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ပဲပုတ်(ရှမ်း/မြန်မာ) တို့မှာ မိုးပဲဝင်ချိန်ဖြစ်သော်လည်း စိုက်ဧကနည်း အထွက်နည်းခြင်း၊ လမ်းပမ်း ဆက်သွယ်ရေးကြောင့် အဝင်နည်းခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ပဲပုတ်(မြန်မာ) ၄၁၀၀၀၀ကျပ်မှ ၄၂၀၀၀၀ကျပ်၊ ပဲပုတ်(ရှမ်း)မှာလည်း လက်ကျန်နည်း၊ အသစ်အဝင်နည်းခြင်းကြောင့် အရည်အသွေး အကောင်းဆုံး ၄၁၀၀၀၀ကျပ်မှ ၄၂၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ကုလားပဲ(ကုဖြူကြီး)မှာ ပဲကြော်/လှော် သမားအဝယ်နည်းခြင်းကြောင့် လက်ကျန်နည်းသော်လည်း ၃တင်းတစ်အိတ် ၃၁၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ကုလားပဲ(လုံးဝါကြီး) မှာ ပဲစိုများပေါ်ချိန်ဖြစ်၍ ခွဲစက်သမားအဝယ်နည်းခြင်း၊ အလှူပွဲနည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၂၈၅၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ လုံးဝါကြီး ဈေးတည်ငြိမ်သဖြင့် ခွဲခြမ်းမှာလည်း တစ်ပိဿာ ၇၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲယင်း၊ မြေတောက်ပဲ၊ စားတော်ပဲ(ကျွန်း)တို့မှာ ပဲယင်းမှာလက်ကျန်နည်း၊ ပစ္စည်းရှားခြင်း၊ ပဲခွဲစက်များ ပုံမှန်ဝယ်ယူခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၁၉၈၀၀၀ကျပ်မှ ၂၁၀၀၀၀ ကျပ် သို့လည်းကောင်း ဈေးမြင့်သွားပြီး မြေတောက်ပဲမှာ အရောင်းအဝယ်အေးခြင်း၊ အရည်အသွေးညံ့ခြင်း လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၃၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ စားတော်ပဲ(ကျွန်း)မှာ လက်လီသမားအဝယ်ပုံမှန်ရှိခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ၃တင်း တစ်အိတ် ၃၉၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး)တို့မှာ မိုးပဲဝင်ချိန်ဖြစ်သော်လည်း အဝင်နည်းခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲကြီး(ကြီး) ၃တင်းတစ်အိတ် ၂၉၀၀၀၀ကျပ်မှ ၃၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ပဲကြီး(သေး)မှာ အဝင်ပုံမှန်၊ လက်လီသမား အဝယ်ပုံမှန် ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ထောပတ်ပဲ(ကြီး)မှာ အသစ်ဝင်ရောက်မှုရှိခြင်းကြောင့် တစ်အိတ် ၄၁၀၀၀၀ကျပ်မှ ၃၂၅၀၀၀ကျပ်သို့ ဈေးသိသိသာသာ နိမ့်သွားသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်)မှာ သာစည်၊ ပျော်ဘွယ်မှဝင်ရောက်ပြီး တစ်ပိဿာ အရည်အသွေးအကောင်းဆုံး ၁၄၀၀၀ကျပ်၊ ငရုတ်ခြောက် (လတ်) တစ်ပိဿာ ၇၀၀၀ကျပ်၊ ငရုတ်ခြောက်ပွ သဘာဝသီး တစ်ပိဿာ ၁၅၀၀၀ ကျပ်၊ Air.con ဖြင့် ထားသော ငရုတ်ခြောက်(ပွ) တစ်ပိဿာ ၂၃၀၀၀ကျပ် ဈေးရှိပြီး မန္တလေးမြို့တွင်းသုံး ဝယ်ယူမှုသာများသည်။နယ်စုံကြက်သွန်လက်ကျန်အဟောင်းများသာရှိခြင်း၊ အသစ်မဝင်သေးခြင်းကြောင့် နယ်စုံကြက်သွန်နီ(ကြီး) တစ်ပိဿာ ၃၃၀၀ကျပ်မှ ၄၃၀၀ကျပ်၊ လတ် တစ်ပိဿာ ၃၀၀၀ကျပ်မှ ၃၈၀၀ကျပ်၊ သေး တစ်ပိဿာ ၂၂၀၀ကျပ်မှ ၂၈၀၀ကျပ်သို့ ဈေးအသီးသီး မြင့်သွားသည်။ ကြက်သွန်ဖြူ (တရုတ်)မှာ အဝင်နည်းခြင်း လက်ကျန်နည်းခြင်းကြောင့် တစ်ပိဿာ ၁၆၀၀၀ကျပ်မှ ၂၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ကြက်သွန်ဖြူ (ရှမ်း)မှာ အဝင်နည်းသွားခြင်းကြောင့် အရည်အသွေးအနိမ့်ဆုံး တစ်ပိဿာ ၁၀၀၀၀ကျပ်မှ ၁၅၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ ယခုအပတ်အောင်ပန်းအာလူးဝင်ရောက်မှု မရှိဘဲ တရုတ်အာလူး တစ်မျိုးထဲသာ ဈေးကွက်အတွင်းတွေ့ရပြီး စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၆၀၀၀ကျပ်မှ ၆၂၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

သာစည်ဘက်မှ ငရုတ်စို(ရှည်)များ ဝင်ရောက်ပြီး တစ်ပိဿာ ၅၅၀၀ကျပ်၊ မုံရွာ၊ ချောင်းဦးမှ ငရုတ်စို (လတ်)များ ပစ္စည်းရှား အဝင်နည်းခြင်းကြောင့် တစ်ပိဿာ ၁၀၀၀၀ကျပ်ထိ ဈေးမြင့်နေပြီး မြို့တွင်းလုပ်ငန်းသမား၊ ငါးပိထောင်းသမားများ ဝယ်ယူမှုများသည်။ဟင်းသီး/ရွက်အနေဖြင့် ရာသီဥတုကြောင့် အရည်အသွေးညံ့သော်လည်း အဝင်နည်းခြင်း ကြောင့် ဂေါ်ဖီတစ်ထုပ် ၁၅၀၀ကျပ်၊ ပန်းမုံလာတစ်ပွင့် ၂၀၀၀ကျပ်၊ ဘိုစားပဲသီး တစ်ပိဿာ ၉၀၀၀ကျပ်ထိဈေးမြင့်နေသည်။

သစ်သီးဝလံများအနေဖြင့် ဖရဲသီးများ အဝင်များပြီး တစ်လုံး ၁၅၀၀မှ ၂၅၀၀ကျပ်၊ သဘော်သီးများ ညောင်ပင်ဝန်း၊ ဆားတောင်မှ ဝင်ရောက်ပြီး တစ်လုံး ၁၅၀၀မှ ၂၅၀၀ကျပ်၊ ထောပတ်သီး ၁၀၀လုံးမှ ၁၂၀လုံးပါ ပိုက်အိတ်တစ်အိတ် ၄၀၀၀၀ကျပ်၊ စပျစ်သီး(တရုတ်) ၄ပိဿာ တစ်ခြင်း ၇၀၀၀၀ကျပ်၊ လိမ္မော်သီး ၁၀၀ပိဿာ အရည်အသွေးပေါ်မူတည်၍ ၂၀၀၀၀၀ ကျပ်မှ ၃၀၀၀၀၀ကျပ်၊ ပျားလိမ္မော် ၁၀ပိဿာတစ်ခြင်း ၁၂၀၀၀၀ကျပ်၊ ကမ္ဗလာသီး ၁၀၀ပိဿာ ၄၀၀၀၀၀ကျပ် ဈေးအသီးသီး ဖြင့် ရောင်းဝယ်နေပြီး သဘော်သီး ၂၅လုံး အိတ်များဖြင့် ထည့်ကာ ပဲခူး၊ ရေနံချောင်းသို့လည်းကောင်း သီးနှံမျိုးစုံအား လက်ပံလှ၊ မြင်းခြံ၊ တန့်ဆည် စသောအမှာရှိသောမြို့များသို့ တင်ပို့မှုရှိသည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်း

ဂျုံဈေးနှုန်းများအနေဖြင့် အဟောင်း လက်ကျန်နည်းခြင်း၊ အသစ်စိုက်ပျိုးရန် ပြင်ဆင်ချိန်ဖြစ်ခြင်း၊ ပစ္စည်းရှားခြင်း၊ ဂျုံစက်များ ပုံမှန်ဝယ်ယူမှုရှိ

စာ-၁၂ သို့



## သဘာဝကပေးအစာနှင့်ဆေး

ကြေးမုံဝင်

# ကဆစ်ပင်

ကဆစ်ပင်၏ အင်္ဂလိပ်အမည်မှာ bitter cucumber ဟု ခေါ်ဆိုကြသကဲ့သို့ bitter apple, desert gourd, vine of Sodom နှင့် wild gourd ဟု ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Citrullus colocynthis ဟု ခေါ်ဆိုပြီး ဖရုံ၊ သခွား၊ ဗူးတို့နှင့် မျိုးရင်းတူသည့် Cucurbitaceae တွင်ပါဝင်၏။ ကဆစ်ပင်သည် ခြောက်သွေ့သောသဲမြေများတွင် ပေါက်ရောက်သော ကန္တာရနွယ်ပင်မျိုး ဖြစ်ပါသည်။ ယင်းသည် မြေထဲပင်လယ်ဒေသ ရှိနိုင်ငံများနှင့် အာရှတိုက်တို့မှ စတင်ပေါက်ရောက်ဖြစ်ထွန်းပြီး ယင်းမှသည် အာဖရိကမြောက်ပိုင်း၏ အနောက်ဘက် ကမ်းရိုးတန်း၊ အရှေ့ဘက်တွင် ဆာဟာရ၊ အီဂျစ်ကိုဖြတ်၍ အိန္ဒိယအထိ၊ မြေထဲပင်လယ်နှင့် ကက်စပီယံပင်လယ်တို့၏ မြောက်ဘက်ကမ်းရိုးတန်းတို့အထိ ပျံ့နှံ့ပေါက်ရောက်၏။ ဥရောပတောင်ပိုင်းနှင့် Aegean ကျွန်းတို့တွင်လည်း ပေါက်ရောက်လာခဲ့ကြ၏။ ကဆစ်ပင်ကို ဆိုက်ပရပ်စ်ကျွန်းတွင် လွန်ခဲ့သည့် ၁၄ ရာစုနှစ်မှသည် အသေးစား လုပ်ငန်းအဖြစ် စိုက်ပျိုးလာခဲ့ကြရာ ဝင်ငွေအရင်းအမြစ်တစ်ခုအဖြစ် ရရှိသော လုပ်ငန်းအဖြစ် ယနေ့တိုင် စိုက်ပျိုး ထုတ်လုပ်တင်ပို့နေဆဲဖြစ်၏။

ကဆစ်ပင်သည် နှစ်ရှည်ခံ တွားသွားပေါက်ရောက်သည့်နွယ်ပင်မျိုးဖြစ်ပြီး အပင်အရှည် ၃ မီတာအထိရှိပြီး ယင်းတွင် မိုးနည်းသောဒေသများတွင် ရှင်သန်စေနိုင်သည့် အမြစ်များရှိ၏။ ပင်စည်များသည် ထောင့်များရှိပြီး ကြမ်း၏။ အရွက်များမှာ တောင့်တင်းပြီး ရွက်မွှာ ၃ မွှာမှသည် ၇ မွှာအထိရှိတတ်၏။ ပန်းပွင့်မှာ အဝါရောင်ဖြစ်ပြီး အဖိုပွင့်နှင့် အမပွင့် သီးခြားစီ ပွင့်၏။ အသီးမှာ စိမ်းဝါရောင်၊ အစိမ်းရောင်တို့ရှိပြီး ဖရဲသီးနှင့် ဆင်တူကာ သေးငယ်လုံးဝန်း၏။ အသီးအပြင်အခွံမှာ မာပြီး အတွင်းသားမှာ ပျော့ပျောင်းပြီး အဝါဖျော့ဖျော့အရောင်ရှိ၏။ အတွင်းသားပျော့ဖတ်မှာ ချောမွေ့ပြီး စားသုံးနိုင်သော အစေ့များစွာ ပါဝင်၏။ အသီးရင့်မှည့်လာသောအခါ အဝါရောင်၊ လိမ္မော်ရောင်သို့ ပြောင်းသွား၏။ အစေ့များသည် မီးခိုးရောင်ဖြစ်ပြီး ခါးသော အရသာရှိပြီး အဆီနှင့် ပရိုတင်းဓာတ်များ ကြွယ်ဝ၏။

ကဆစ်ပင်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့်အတူ cucurbitacin၊ flavonoids နှင့် polyphenols ကဲ့သို့သော ဇီဝဗေဒဆိုင်ရာ ဒြပ်ပေါင်းများ ပါဝင်ခြင်းကြောင့် ဆီးချိုရောဂါကို ဆန့်ကျင်နိုင်စွမ်း၊ ဘက်တီးရီးယားပိုးများကို သေစေနိုင်စွမ်း၊ ကင်ဆာရောဂါကိုဆန့်ကျင်နိုင်စွမ်း၊ ရောင်ရမ်း နာကျင်ခြင်းကို တိုက်ဖျက်နိုင်အကိုက်အခဲပျောက်ဆေး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများကို သက်သာစေနိုင်စွမ်း၊ မျိုးဆက်ပွားကျန်းမာရေးအတွက် ကောင်းမွန်စေခြင်း၊ ရောဂါပိုးမွှားကာကွယ်တိုက်ဖျက်နိုင်စွမ်း၊ ပိုးသတ်ဆေး၊ ဓာတ်မတည့်ခြင်းကို သက်သာနိုင်စွမ်း၊ ကိုယ်ခံစွမ်းအားကို မြှင့်တင်နိုင်စွမ်းတို့ရှိ၏။

ရိုးရာတိုင်းရင်းဆေးပညာရပ်အရ ကိုယ်တွင်းရောင်ရမ်းနာဝေဒနာခံစားရသူများနှင့် အသည်းရောဂါခံစားနေရသူများအတွက် အကိုက်အခဲ ပျောက်ဆေးအဖြစ် အသုံးပြုကြ၏။ ကဆစ်ပင်မှထုတ်လုပ်ရရှိထားသည့် ဆေးကတ္တာရာကို နှင်းခူနာနှင့် နာတာရှည်ထိခိုက်ဒဏ်ရာများအတွက် လိမ်းဆေးအဖြစ်အသုံးပြုကြ၏။ ရေယုန်ပေါက်ခြင်းဝေဒနာအတွက် ဆေးကတ္တာရာကို လိမ်းပေးခြင်းဖြင့် ဝေဒနာကို ငါးရက်အတွက် ပျောက်ကင်းစေနိုင်၏။

ကဆစ်သီး၏အတွင်းသားပျော့ဖတ်နှင့် အစေ့များသည် ရင်သား၊ မျက်လုံး၊ ဆီးအိမ်နှင့် လိင်ခေါင်းတို့နှင့် ပတ်သက်သည့် ရောဂါဝေဒနာများကို ကုသရာတွင် ဆေးအဖြစ် အသုံးပြုကြ၏။ ထို့အပြင် ဝမ်းပျော့ဆေး၊ မျက်နှာအကြောသေရောဂါ၊ အာရုံကြောစနစ်ရောဂါနှင့် ခေါင်းတစ်ခြမ်းကိုက်ခြင်းဝေဒနာတို့ကိုကုသရာတွင်လည်း ဆေးအဖြစ် အသုံးပြုကြ၏။ ထို့အပြင် အဆစ်အမြစ်ရောင်ရမ်းခြင်း၊ ခါးနှင့်ပေါင်နာကျင်ခြင်းတို့အတွက်လည်း ဆေးအဖြစ် အသုံးပြုကြ၏။ ကဆစ်ရွက်ကိုလည်း သွေးတိတ်ဆေးအဖြစ် အသုံးပြုကြ၏။

ကဆစ်ပင်မှ အစိတ်အပိုင်းများကို နူနာရောဂါ၊ အကြားအာရုံအားနည်းခြင်းနှင့် အသားဝါခြင်းဝေဒနာတို့အတွက် ဆေးအဖြစ် အသုံးပြုကြ၏။ အမျိုးသမီးများအတွက် ဒုတိယမျက်နှာဖြစ်သည့် ဆံကေသာ နက်မှောင်သန်စွမ်းစေရန်နှင့် ဆံပင်ဖြူခြင်းမှ နှေးကွေးစေရန် အသုံးပြုကြ၏။ နာတာရှည်ဝမ်းချုပ်ခြင်းဝေဒနာခံစားနေရသူများ၊ အူသိမ်အူမများ အားကောင်းစေရန်၊ အစာကြေစေရန်နှင့် အစာခြေရည်ထွက်ရှိမှုမျှခြေဖြစ်စေရန်တို့အတွက်လည်း ကဆစ်ပင် အစိတ်အပိုင်းများ၏ပြုတ်ရည်ကို ဆေးအဖြစ် အသုံးပြုကြ၏။

ကဆစ်ပင်သည် လူသားတို့၏ကျန်းမာရေးကို အထောက်အကူဖြစ်ရုံမျှမကတိရစ္ဆာန်များ၏ကျန်းမာရေးအတွက်လည်း ဆေးဖက်ဝင်အဖြစ်အသုံးပြုရန် အဓိကထား စိုက်ပျိုးလာကြ၏။

- ကဆစ်ပင်မှ ထုတ်ယူရရှိသည့် ဆေးကတ္တာရာကို ကြက်မွေးမြူရေးလုပ်ငန်းများတွင် ကြက်အရေခွံပေါ်တွင် မှက်မွှားများ တွယ်ကပ်ခြင်းမှ ကာကွယ်ရန် အသုံးပြုကြ၏။
- ဇင်ဘာဘွေနိုင်ငံတွင် ပြောင်းစိုက်ခင်းများအကြား ကဆစ်ပင်ကို သီးညှပ်ပင်အဖြစ် စိုက်ပျိုးကြရာ ပေါင်းပင်ထကြွမှု ၅၀ ရာခိုင်နှုန်းကျော်ထိ သက်သာစေသည်ကိုတွေ့ရှိခဲ့ကြ၏။
- အိန္ဒိယနိုင်ငံတွင် ကဆစ်သီးကို နွားစာထဲတွင် ထည့်သွင်းကျွေးရာ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ကျစေသည် ကို တွေ့ရှိရ၏။
- ကဆစ်သီး၏အစေ့များမှ ထုတ်ယူရရှိသောဆီ ၄၇ ရာခိုင်နှုန်းကို ဆပ်ပြာထုတ်လုပ်ရေးတွင် အသုံးပြုကြ၏။

ကဆစ်ပင်မှ ဇီဝဒီဇယ်ထုတ်လုပ်ယူရန်နိုင်သည့် သဘာဝ အရင်းအမြစ် ကောင်းလည်း ဖြစ်၏။

ကဆစ်ပင်ကို မြန်မာနိုင်ငံအညာဒေသတွင်အလေ့ကျပေါက်ပင်အဖြစ် အများဆုံး တွေ့ရှိကြ၏။ ကဆစ်သီးတွင် အချိုနှင့် အခါး နှစ်မျိုးရှိရာ ချက်ပြုတ်ခြင်းမပြုမီ အသီးအရသာကို မြည်းစမ်းပြီးမှ ချက်ပြုတ်ရန် ပြင်ဆင်ရမည်ဖြစ်၏။ အသီးကို လေးစိတ်ထိုးပြီး အတွင်းက နူးညံ့ပျော့ပျောင်းသောအတွင်းသားများနှင့် အစေ့များကို ဖယ်ရှားနိုင်ရန် ဆားနှင့်နယ်၊ ရေဆေးပြီးမှသာ အသုံးပြုသင့်၏။

- ချက်ပြုတ်ရန်အသင့်ပြင်ထားသော ကဆစ်သီးကို နှစ်သက်ရာ ငါးဆားနယ်/ ပုစွန်ခြောက်/ ကြက်သား/ ဝက်သား/ဆိတ်သား/အမဲသားတို့နှင့် ဆီပြန်ဟင်း ချက်စားနိုင်၏။ များသောအားဖြင့် အမဲသားနှင့်အတူ ရောနှပ်ပြီး ချက်စားကြ၏။
- ကဆစ်သီးကို မီးဖိုပြာထဲထည့်ကာ မီးဖုတ်ပြီးနောက် မညက်တညက်ထုကာ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်း၊ ပုစွန်ခြောက်တို့ နှင့် ရောကြော်ပြီး စားလျှင်လည်း ထမင်းမြိန်စေ၏။
- ကဆစ်သီးကို မီးဖုတ်ပြီးနောက် ကြက်သွန်ဖြူ၊ ငရုတ်သီးတို့ကိုပါ လှော်ကာထောင်း၊ ကြိုက်တတ်လျှင် သံပရာရည်လေးညှစ်ပြီး တို့စရာအစုံနှင့် တွဲဖက်စားလျှင် အလွန်ထမင်းမြိန်စေလှ၏။
- သတ်သတ်လွတ်စားသုံးလိုသူများအတွက် ကဆစ်သီးကို မှစ်နှင့် ရောနှပ်ပြီး ချက်စားနိုင်သကဲ့သို့ မြေပဲဆံမညက်တညက်ထောင်းပြီး ချက်စား



စာ-၁၅ သို့

# ထောပတ်သီး အဓိကရောင်းချရာ ရန်ကုန်နှင့် မန္တလေး ဖြစ်လာ

**ရှမ်း**ပြည်နယ်၊ တောင်ကြီးသစ်သီးဈေးကွက်တွင် ထောပတ်သီး ရောင်းချမှု မြင့်တက်လာပြီး ရန်ကုန်နှင့် မန္တလေးတို့သည် အဓိကဝယ်လက်ဖြစ်လာကာ ဈေးနှုန်းလည်း သင့်တင့်ကြောင်း သိရှိရသည်။

"ယခုရာသီတွင် ထောပတ်သီးရောင်းရမှု များပြားကြောင်း၊ ရှမ်းပြည်နယ်သည် ထောပတ်သီး အများဆုံးထွက်ရှိပြီး တစ်နိုင်ငံလုံးမှဝယ်ယူမှုများရှိနေပြီး အထူးသဖြင့် ရန်ကုန်နှင့် မန္တလေးဒေသတို့မှ အဓိကဝယ်ယူသူများဖြစ်ကြောင်း၊ ထောပတ်သီးရာသီသည် အောက်တိုဘာလတွင် စတင်ပြီး ဖေဖော်ဝါရီ၊ မတ်လအထိဖြစ်ကြောင်း၊ အသီးလှိုင်လှိုင် ထွက်ရှိလာချိန်တွင် ဈေးနှုန်းကျမည်ဖြစ်ကြောင်း၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလသည် ထောပတ်သီးပေါပေါများများ ထွက်ရှိသည့်ကာလဖြစ်သော်လည်း ယခုကာလတွင်ပင် အသီးများများထွက်ရှိသဖြင့် ဈေးနှုန်း ချိုသာကြောင်း" တောင်ကြီးမြို့မှ သစ်သီးရောင်းချသူ မစန္ဒီတာရာမှ ပြောကြားသည်။

"ထောပတ်သီးသည် ရန်ကုန်မြို့တွင် စားသုံးမှုအများဆုံး သစ်သီးတစ်မျိုးဖြစ်ပြီး ဖျော်ရည် အဖြစ်သုံးကြကြောင်း၊ အများအားဖြင့် ယခုကာလအတွင်း ထောပတ်သီးရောင်းချမှု မြင့်မားကြောင်း" မရမ်းကုန်းမြို့နယ်ရှိ သစ်သီးကုန်သည်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

လင်းလဲ့ရည်အောင်

https://www.gnlm.com.mm/238651-2/



စာ-၁၄ မှ

လျှင်လည်း ကောင်းလှ၏။

- ကဆစ်သီးကို မှုစ်၊ ချဉ်ပေါင်တို့နှင့် ရောကာ ချဉ်ရည်ဟင်းချက်စားလျှင်လည်း အလွန်ခံတွင်းမြိန်စေသော အရည်သောက်ဟင်းပွဲလေး ရရှိနိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ကဆစ်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်

စာ-၉ မှ

ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်တွင် သမီးလှကျွန်း၊ ဘိုကလေးမြို့နယ်တွင် ကတုံးကလေးကျွန်း၊ ဂယက်ကြီးကျွန်း၊ မစိန့်ယုံကျွန်း၊ ငါးမန်းသောင်ကျွန်းစသည့်နေရာများတွင်လည်းကောင်း၊ တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့၊ လောင်းလုံဘုတ်ကျွန်း(သိုင်းသောင်စခန်း)တွင်လည်းကောင်း လိပ်မျိုးထိန်းသိမ်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများမှလည်း ပူးပေါင်းပါဝင်ပါမှ ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးလုပ်ငန်းမှာ ရာနှုန်းပြည့် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

ပင်လယ်ပြာ(ငါးဦးစီး)

(1)Fish Base of Myanmar

(2)Inland Fisheries of Myanmar

စာ-၁၁ မှ

ပါသည်။(၂၀၁၈-ခုနှစ်ကသီးသန့်တောင်သူပညာပေးဌာန(Agricultural Extension)စတင်တည်ထောင်ခဲ့သော်လည်း ဌာနနှင့် ပညာရပ်များသက်တမ်းမှာ နုနယ်နေသေးပါသည်။ အိမ်နီးချင်း မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်များတွင် ဤဌာနပင်မရှိသေးပါ၊ စိုက်ပျိုးပညာပေးနှင့် စိုက်ပျိုးမွေးမြူပညာရေး (Agricultural Education)ဘာသာရပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး (Rural Development)၊ ကျေးလက်လူမှုဗေဒ (Rural Sociology) ပညာရပ်များက အားလုံးနှင့်ဆိုင်ပါသည်)ဤတက္ကသိုလ်များအပြင် နာမည်ကြီး ပုဂ္ဂလိကတက္ကသိုလ်များ နော့တာဒိန်း ပုဂ္ဂလိက တက္ကသိုလ်၊ နော့တာဒိန်းမြို့ (University of Notre Dame, Notre Dame) နှင့် နယူးယောက်မြို့ရှိ ကိုလန်ဘီယာတက္ကသိုလ် (Columbia University, New York)စသည်တို့ကို လည်း လေ့လာခဲ့ရပါသည်။ သူတို့ကလည်း ကမ္ဘာ့တက္ကသိုလ်အဆင့်အတန်းမှာ ထိပ်ဆုံးက ဦးဆောင်နေသော တက္ကသိုလ်များဖြစ်ပါသည်၊ သူတို့၏ သင်ကြားရေး၊ သုတေသန ရန်ပုံငွေများကတော့ သူဌေးကြီးများ စုစည်းထည့်ဝင်ထားသော ငွေပဒေသာပင် စိုက်ထူထားမှု (Endowment)၊ ကျောင်းလခ (Tuition Fees) များ ဖြင့် ရပ်တည်ပါသည်၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များကတော့ ကျွန်တော်တို့လေ့လာခဲ့ရသော ပုဂ္ဂလိကတက္ကသိုလ်များတွင် မတွေ့ရှိခဲ့ရပါ။

### မြန်မာနိုင်ငံအတွက်အတုယူစရာများ (Lesson-Learned)

(၁) အမေရိကန်အစိုးရ ပုဂ္ဂလိကတက္ကသိုလ်များ (Public and Private Universities) သည် အနာဂတ်ပညာရေးကို ဦးစားပေးသဖြင့် တက္ကသိုလ်တစ်ခုချင်းအလိုက် ဖွံ့ဖြိုး တိုးတက်မှုကို သက်ဆိုင်ရာ ပြည်နယ်အလိုက်လိုအပ်ချက်ကိုဦးစားပေး ပြုလုပ်ပေးပါသည်၊ အမေရိကန်ဖိလစ်ပိုင်နိုင်ငံများကဲ့သို့ တက္ကသိုလ်ပိုင်မြေငှားစနစ် (Land-Grant System) ပြည်နယ်၊ တိုင်းတစ်ခုစီတွင် အသင့်တော်ဆုံးတက္ကသိုလ် တစ်ခုကို ရွေ့ပြေး စမ်းသပ် ကြည့်ပါက ကောင်းမွန်မည်လား ဟူ၍ စိတ်ကူးယဉ်ကြည့်မိပါသည်။

(၂) မြန်မာနိုင်ငံရှိတက္ကသိုလ်များ အချင်းချင်း နိုင်ငံတကာတက္ကသိုလ်များလိုပဲ နိုင်ငံ တကာနှင့်ယှဉ်ပြိုင်မှု၊ မိမိနိုင်ငံအတွင်းယှဉ်ပြိုင်မှုများ (University Ranking System) ကိုပြုလုပ်သင့်ပါသည်။ THE (Time Higher Education), QS University Ranking ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများ၏ အချက်အလက်ရယူမှုကို ပေါင်းစပ်ညှိနှိုင်းသင့်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် စိုက်ပျိုး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်က တစ်ကျောင်းစီပဲရှိသဖြင့် မြန်မာနိုင်ငံအတွင်း အပြုသဘောနှင့် နှိုင်းယှဉ်မှုက မဖြစ်နိုင်ဖြစ်ရပါသည်၊ ပုဂ္ဂလိက အဝေးပြေးကား၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်များကဲ့သို့ စားသုံးသူ ပြည်သူလူထုက ကောင်းမွန်သောဝန်ဆောင်မှုပေးသည့်ဆိုင်၊ အရည်အသွေး ပြည့်ဝသည့်ဆိုင်များသို့ ရွေးချယ်သည့် စနစ်မျိုး ဖြစ်ပါသည်။

(၃) ကျွန်တော်တို့မြန်မာနိုင်ငံတွင်လည်း ပုဂ္ဂလိကတက္ကသိုလ်များ၏ အခန်းကဏ္ဍ စတင် ပြီဖြစ်ပါသည်၊ သူဌေးကြီးများက နိုင်ငံ၏စီးပွားရေးမဏ္ဍိုင် ဖြစ်သော စိုက်ပျိုးမွေးမြူရေး ဆိုင်ရာ ပုဂ္ဂလိကအဆင့်မြင့်ပညာရေးကို အားပေးမည်ဆိုပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်တပ်တစ်အားဖြစ်ပါလိမ့်မည်။ ထိုအခါ အကြောင်းအမျိုးမျိုး အထူးသဖြင့် တက္ကသိုလ်ဝင်ခွင့်သတ်မှတ်အနည်းဆုံး အမှတ်မမီသဖြင့် ဘာသာရပ်များကို စိတ်ဝင်စားသော်လည်း မတက်လိုက်ရသော တိုင်းနှင့် ပြည်နယ်များမှ တိုင်းရင်းသားများ၊ ကျေးရွာများမှ လူငယ်များ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များကို လေ့လာဆည်းပူးနိုင် ပါလိမ့် မည်။

(၄) အမေရိကန်နိုင်ငံတွင်သာမက စက်ဘုလိုနိုင်ငံမျိုးတွင်ပင် တက္ကသိုလ်၊ ကောလိပ်၊ အသုံးချပညာကျောင်းများ (Polytechnic Schools and Colleges) တွင် လက်ရှိ သင်ကြားပေးနေသော ပညာရပ်များ၊ ဘာသာရပ်များသည် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှု၊ လက်ရှိမူဝါဒများနှင့် မကိုက်ညီတော့ပါက အမြဲတမ်းဘာသာရပ်အသစ်များ ပြောင်းလဲလာခြင်း၊ အသုံးမလိုသောဘာသာရပ်များကို မသင်ကြားတော့ခြင်းစသည်တို့ကို နှစ်စဉ်ပြုလုပ်လျက်ရှိနေပါသည်။ ကျွန်တော်တို့နိုင်ငံ၏တက္ကသိုလ်၊ကောလိပ်၊သိပ္ပံလက်ရှိ သင်ကြား၊ သင်ယူနေသော ဘာသာရပ် အဟောင်းများကိုလည်း ၂၁-ရာစုကျွမ်းကျင်မှုများ (21st Century Skills)၊ လိုအပ်လျက်ရှိသော အလုပ်အကိုင်များနှင့်ကိုက်ညီနိုင်သော (Employability)နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အသုံးဝင်မည့် အသုံးချသိပ္ပံ (Applied Sciences) ဘာသာရပ်များ သို့ ပြောင်းလဲ သင်ကြား၊ သုတေသနပြုရန် အချိန်ကျရောက်နေပါပြီ။

ဒေါက်တာမျိုးကြွယ်

(ဆက်လက်ဖော်ပြပါမည်)

Agribiz News www.agribiznews.com.mm သတင်း

ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့်စိုက်ပျိုးရေးသိပ္ပံဌာနခွဲ

# စိုက်–မွေးပညာ သင်ယူကာ ကြိုးပမ်းသယ်ပိုး နိုင်ငံအကျိုး

## စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံကျောင်းများ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် အားလျော်စွာ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

ခေတ်မီတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ နှစ်စဉ်စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင်လိုအပ်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးဒီပလိုမာလက်မှတ်ရ အလယ်အလတ်အဆင့် ပညာရှင်များမွေးထုတ်ဖြည့်တင်းပေးနိုင်ရန်၊ သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များ၊ ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ကျေးရွာအဆင့်အထိ ပြန်လည်ဆင့်ပွားပေးနိုင်ရန်၊ ဒေသ အလိုက်စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ ထုတ်ကုန်များမှ တောင်သူလယ်သမားများ၏ ဝင်ငွေ တိုးတက်လာစေရန်နှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်၊ နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်နွှယ်သော ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရှင်များဖြည့်ဆည်းပေးရန်၊စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော ထုတ်လုပ်မှုကဏ္ဍများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ၁၅ ကျောင်းကို ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများတွင် စိုက်ပျိုးရေး၊မွေးမြူရေးဆိုင်ရာအတတ်ပညာ များကို စာတွေ့/လက်တွေ့ ၃ နှစ်သင်ကြားပေးပြီး အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များ ကိုနှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ ၁၉၅၅-၁၉၅၆ ခုနှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ်ရရှိသူ ၂၆၄၁၄ ဦးနှင့် မွေးမြူရေးဒီပလိုမာလက်မှတ်ရရှိသူ ၄၆၅ ဦး စုစုပေါင်း ၂၆၈၇၉ ဦးတို့ကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

ပညာသင်ထောက်ပံ့ကြေးများကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ ကျောင်းသား တစ်ဦး တစ်လလျှင် ၂၂၀၀၀/- ကျပ် ထောက်ပံ့ပေးပါသည်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစ၍ ကျောင်းသားတစ်ဦး တစ်လလျှင် ၃၀၀၀၀/-ကျပ်တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိပါသည်။



စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများတွင် စာတွေ့၊လက်တွေ့လေ့ကျင့်သင်ကြားမှု

စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံကျောင်းများမှ စိုက်ပျိုးရေး ဒီပလိုမာ ထူးချွန်စွာအောင်မြင်သူ ၁၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး တက္ကသိုလ် တက်ရောက်ရန် ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ရရှိမည်ဖြစ်ပြီး မွေးမြူရေးဒီပလိုမာ ထူးချွန်စွာ အောင်မြင်သူ ၁၀ ရာခိုင်နှုန်းသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ မွေးမြူရေးသိပ္ပံဘွဲ့(B.A.Sc) ၄ နှစ် သင်တန်းသို့ ပေါင်းကူးတက်ရောက်ရန် ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့် ရရှိမည်ဖြစ်ပါ သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဒီပလိုမာ ကျောင်းဆင်းများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနတွင် ဒုတိယလက်ထောက်ဦးစီးမှူး အဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများနှင့် အခြေခံပညာနှင့် စက်မှု၊စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း များတွင် ကွင်းဆင်းလက်ထောက်များ အနေဖြင့်လည်းကောင်း၊ ကိုယ်ပိုင် စိုက်ပျိုးရေး/ မွေးမြူရေး လုပ်ငန်းများတွင် စွန့်ဦးတီထွင် လုပ်ကိုင်ခြင်းဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး/ မွေးမြူရေးနှင့် ဆက်စပ်သော ပုဂ္ဂလိက လုပ်ငန်းများတွင် လုပ်ကိုင်ခြင်းဖြင့်လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဒီပလိုမာ ပထမနှစ်ဝက် သင်တန်းများကိုလည်း နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၌ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်တွင် တစ်ပြိုင်တည်းဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

## စိုက်ပျိုးရေး၊မွေးမြူရေး အတတ်ပညာသင် အထက်တန်းကျောင်းများ

ထို့အပြင် အလယ်တန်းအဆင့် (Grade 9) အောင်မြင်ပြီး စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုစိတ်ပါဝင်စားသော ကျောင်းသား၊ ကျောင်းသူများအတွက်လည်း စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ပြီး အသက်မွေးဝမ်းကျောင်းပညာအဖြစ် လမ်းသွယ်များ ဖွင့်လှစ်သင်ကြားပေးရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ခရိုင်များ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၅၁ ကျောင်းအား စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၃၄ ကျောင်းအား တိုးချဲ့ဖွင့်လှစ် ခဲ့သဖြင့် စုစုပေါင်း ၈၅ ကျောင်း ဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက် ရှိပါသည်။

စာသင်နှစ် တစ်နှစ်လျှင် ကျောင်းတစ်ကျောင်းတွင် စိုက်ပျိုးရေး ကျောင်းသား/ ကျောင်းသူ ၃၀ ဦးနှင့် မွေးမြူရေးကျောင်းသားကျောင်းသူ ၃၀ ဦး စုစုပေါင်း ၆၀ ဦးခေါ်ယူလျက် ရှိပါသည်။

စိုက်ပျိုးရေးမွေးမြူရေးအထက်တန်း၏ သင်တန်းကာလမှာ ၃ နှစ်ဖြစ်ပြီး သင်တန်းပြီးမြောက်၍ အောင်မြင်ပါက အခြေခံပညာအထက်တန်း (စိုက်ပျိုးရေး) /အခြေခံပညာ အထက်တန်း(မွေးမြူရေး) ပြီးမြောက်ကြောင်း အောင်လက်မှတ် ပေးအပ်ချီးမြှင့်မည်ဖြစ်ပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးအတတ်ပညာများတွင်အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ် များအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ ၃ နှစ် တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြား လေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။

ပညာဆက်လက်သင်ယူနိုင်မှု အခွင့်အလမ်းများမှာ စိုက်ပျိုးရေး ဘာသာရပ်တွင် အထူးအောင် (Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေး သိပ္ပံဘွဲ့ (Bachelor of Agricultural Science) ၄ နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါ သည်။

အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်

စာ-၉ သို့